

mgyoe.com
SAMPLE BOOK

မင်းသန့်

# ဆက်သွယ်ရန် ဖုန်းနံပါတ်
# နှင့် အခြားဝတ္ထုတိုများ



m.gyoe.com



mgyoe.com

SAMPLE BOOK

- ဆက်သွယ်ရန် ဖုန်းနံပါတ်
- မစံပယ်ဖြူ
- လက်ထိုးရုပ်မလေး
- အိပ်မောကျနေတဲ့ ချစ်သူကို ငေးကြည့်ရဲလား
...တစ်ညလုံး
- နှစ်ခု၊ နှစ်ကောင်၊ နှစ်ယောက်
- ရယ်ရတယ်...ငါ့ကောင်ရေ
- မုဆိုးမ
- မီးဖိုချောင်ထဲကလူ
- ဟိုလိုဂရက်ဖစ်ယူနီဗာ့စ်
- ရုပ်ကွက်လူကြီး
- ရိုးထဲက လူသတ်မှု

ISBN 978-99971-44-99-7
K0487
9 789997 144997 >

mgyoe.com


mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- မင်းမင်းသီတာ
တန်ဖိုး - ၄၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

မင်းသန့်သည် ၂၀၁၀ နောက်ပိုင်းနှစ်များမှ စတင်၍ အွန်လိုင်းစာမျက်နှာများတွင် ဝတ္ထုတိုနှင့် အက်ဆေးများ စတင်ရေးသားခဲ့ပြီး ၂၀၁၅ မှ ၂၀၂၀ ကြားကာလတွင် သူ၏ ဝတ္ထုတိုနှင့် အက်ဆေးများကို ပန်းဆိုးတန်းဂျာနယ် အပါအဝင် ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်အချို့တွင် ပုံနှိပ်ဖော်ပြခံခဲ့ရသည်။ ၂၀၁၇ ခုနှစ်တွင် သူ၏ ပထမဆုံး ပင်ကိုရေး ဝတ္ထုတိုနှင့် အက်ဆေးများ စုစည်းမှုဖြစ်သည့် 'သော့ပြင်ဆရာနှင့် အလကားလူ' ကို wit publication မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၁၈ တွင် 'အနုပညာသေပြီနှင့် အခြားဝတ္ထုတိုများ'၊ ၂၀၂၀ တွင် 'ဟိုဘက်ကမ္ဘာမှ မိန်းကလေး' လုံးချင်းဝတ္ထုတို့ကို wit မှပင် ဆက်လက်ထုတ်ဝေခဲ့သည်။

ပုဂ္ဂလိက ရုပ်သံလိုင်းတစ်ခုတွင် ရုပ်ရှင်ဘာသာပြန်၊ စာအုပ်တိုက် တစ်ခုတွင် ပညာရပ်ဆိုင်ရာ စာအုပ်၊ စာတမ်းများ ဘာသာပြန်၊ ပုဂ္ဂလိကသတင်းစာ အချို့တွင် နိုင်ငံတကာသတင်း ဘာသာပြန်၊ နိုင်ငံတကာသတင်း အယ်ဒီတာ၊ Digital Media ကုမ္ပဏီအချို့တွင် Content Editor တို့အဖြစ် လုပ်ကိုင်ခဲ့ဖူးပြီး လက်ရှိတွင် အလွတ်တမ်းဘာသာပြန်၊ စာရေးသူတစ်ဦးအဖြစ် အသက်မွေးလျက် ရှိသည်။

သူ့ကို ၁၉၈၅ ခုနှစ်တွင် ရန်ကုန်မြို့၌ ဖခင် ဦးဇော်ဝင်း၊ မိခင် ဒေါ်ချိုချိုမြင့် တို့က မွေးဖွားခဲ့ပြီး မွေးချင်း နှစ်ဦးအနက် အငယ်ဖြစ်ကာ လတ်တလောတွင် ရန်ကုန်မြို့၌ ဇနီးဖြစ်သူနှင့်အတူ နေထိုင်လျက် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာ

"ဘာလို့ ဝတ္ထုတွေ ရေးနေတာလဲ"

ဒီဘက်နှစ်တွေထဲ ဒီမေးခွန်းကို ကျွန်တော့်ကိုယ် ကျွန်တော် အကြိမ်ကြိမ် ပြန်မေးလို့ နေခဲ့မိတယ်။ ကိုယ့်ကိုယ်ကိုယ် အဲဒီလို မေးခွန်းထုတ်နေမိတယ် ဆိုပေမဲ့လည်း ဝတ္ထုတွေ၊ အထူးသဖြင့် ဝတ္ထုတိုတွေကိုတော့ ဆက်ပြီးရေးဖြစ်နေခဲ့ တာပါပဲ။ ရေးချင်တဲ့ဇာတ်လမ်း တစ်ခုခုရှိလာရင် အဲဒီမေးခွန်းကို မေ့သွားပြီး ချရေး လိုက်ရမှ စိတ်ထဲ နေသာထိုင်သာ ရှိသွားတတ်တော့ ရေးလိုက်မိတော့တာပဲ။ ဒီတော့လည်း 'ရေးချင်လို့ရေးတာ' ဆိုပြီး ကိုယ့်ဘာသာကိုယ် လွယ်လွယ်ပဲ အဖြေ ထုတ်ခဲ့ပေမဲ့ စိတ်ကျေနပ်မှုတော့ မရခဲ့ပါဘူး။

ကျွန်တော်က စာရေးသူတစ်ယောက်သာ ဖြစ်ပြီး စာပေပညာရှင် တစ်ယောက် မဟုတ်တာကြောင့် ကျွန်တော့် ဝတ္ထုတွေက စာပေသီဝရီတွေအရ ဘယ်လို အမျိုးအစားဝတ္ထုတွေပါလို့ ကိုယ့်စာကိုယ် ပြန်ပြီး ဝေဖန်အကဲဖြတ် တာ မျိုး လုပ်ဖို့တော့ မဖြစ်နိုင်ပါ။ စာရေးသူ၊ ဘာသာပြန်သူအဖြစ်နဲ့ အသက်မွေးဝမ်း ကျောင်းနေတာကြောင့် စာပေသဘောတရားတွေ၊ စာရေးသားနည်းတွေကို တီးမိ ခေါက်မိရှိပေမဲ့ ကိုယ့်ရဲ့ အရေးအသားတွေကိုပဲဖြစ်ဖြစ်၊ အခြားသူတွေရဲ့ အရေး အသားတွေကိုပဲ ဖြစ်ဖြစ် ဝေဖန်အကဲဖြတ်ရလောက်အောင် တတ်ကျွမ်းတယ် လို့တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိလှပါဘူး။ နောက်ပြီး 'ဝေဖန် သုံးသပ် တာ၊ အကဲဖြတ်တာတွေက စာပေပညာရှင်တွေ၊ ဝေဖန်သုံးသပ်သူတွေရဲ့ အလုပ်၊ စာရေးသူရဲ့ အလုပ်က စာတွေရေးနေဖို့ပဲ' လို့လည်း ကျွန်တော်က ယုံကြည် ယူဆ ထားပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့် ဝတ္ထုတွေနဲ့ ပတ်သက်ပြီး သေချာပြောနိုင် တာတစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ ကျွန်တော့်ဝတ္ထုတွေက စာဖတ်သူတွေ ကို ဘဝသင်ခန်းစာ တစ်ခုခု၊ အသိပညာတစ်ခုခု ပေးဖို့ ရည်ရွယ်ရေးသားထားတဲ့ ဝတ္ထုတွေ မဟုတ်ဘူး ဆိုတာပါပဲ။ ကျွန်တော် ပြောပြချင်နေတဲ့ ဇာတ်လမ်း တစ်ပုဒ် ကို ပြောပြရင်း အဲဒီဇာတ်လမ်းထဲမှာ ကျွန်တော့် အတွေးအမြင်တွေ ပါသွားတာမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ရှိကောင်း ရှိနိုင်ပေမဲ့ လူတွေကို ဘယ်လို ဘဝသင်ခန်းစာမျိုး ပေးလိုက်ဦးမယ် ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ဝတ္ထုတစ်ပုဒ်မှ မရေးခဲ့ဖူးတာတော့ သေချာပါတယ်။

"ဒါဆိုရင် ကျွန်တော်က ဘာရည်ရွယ်ချက်နဲ့ ဝတ္ထုတွေ ရေးတာလဲ"

ဒီမေးခွန်းအတွက် ကိုယ်တိုင် စိတ်ကျေနပ်တဲ့ အဖြေမျိုး ရနိုင်ဖို့ စာရေးသက် ၁၀ နှစ်ဝန်းကျင်အတွင်း ရေးဖြစ်ခဲ့တဲ့ ဝတ္ထုတို အပုဒ် ၅၀ ဝန်းကျင်နဲ့ ဝတ္ထုလတ် တစ်ပုဒ်ကို မကြာသေးခင်က အပြန်ပြန် အလှန်လှန် ပြန်ဖတ်ကြည့်ဖြစ်ခဲ့တယ်။ ဇာတ်လမ်းတွေကို ကြည့်လိုက်တော့ အကြောင်းအရာမျိုးစုံလို့ ထင်စရာရှိပေမဲ့ ဘုံတူညီချက်တစ်ခု ရှိတာကို သွားတွေ့လိုက်ရတယ်။ အဲဒါကတော့ ဇာတ်လမ်း အများစုက လူတွေ သိပ်အလေးဂရုပြုလေ့ မရှိတဲ့ သာမန်နေ့စဉ်ဘဝထဲက ထူးခြားတဲ့သူတွေ၊ ထူးခြားတဲ့ အဖြစ်အပျက်တွေအကြောင်းကို အခြေခံရေးသားထားတဲ့ ဇာတ်လမ်းတွေ ဖြစ်နေတာပါပဲ။ အဲဒီဇာတ်လမ်းတွေကို ရေးသားပုံဖော်ရာမှာတော့ လက်တွေ့သရုပ်မှန်လောကမှာ ဖြစ်ပျက်တဲ့ပုံစံအတိုင်း မဟုတ်ဘဲ ကျွန်တော် သိမြင်၊ ကြုံတွေ့လိုက်ရတဲ့ အချိန်တုန်းက ခံစားခဲ့ရတဲ့ အံ့သြမှု၊ ရင်မသည်းဖိုဖြစ်မှု၊ အထီးကျန်မှု၊ စာနာမှု၊ နားလည်ရခက်မှု စတဲ့ ခံစားချက်တွေအတိုင်း စာဖတ်သူတွေ ခံစားမိစေဖို့ စိတ်ကူးယဉ် ထိုးဇာတ်တွေရဲ့ အကူအညီကို ယူပြီး ပုံဖော်တတ်တာကိုလည်း တွေ့လိုက်ရတယ်။

ကျွန်တော့်ရဲ့ တတိယမြောက် ဝတ္ထုတိုစုစည်းမှုစာအုပ် ဖြစ်တဲ့ ဒီစာအုပ်မှာ ပါတဲ့ ဝတ္ထုတိုတွေကလည်း အဲဒီလို ဝတ္ထုတွေပါပဲ။ ဝတ္ထုတို ၁၁ ပုဒ် ပါဝင်ရာမှာ သိပ္ပံသီဝရီတစ်ခုကနေတစ်ဆင့် ပေါ်ပေါက်လာတဲ့ ကျွန်တော့်ရဲ့ အတွေးအမြင်ကို အခြေခံရေးသားထားတဲ့ တစ်ပုဒ်နဲ့ သိပ္ပံစိတ်ကူးယဉ် စုံထောက်ဝတ္ထု တစ်ပုဒ်က လွဲလို့ ကျန်တဲ့ ကိုးပုဒ်လုံးက သာမန်နေ့စဉ် ဘဝထဲက ထူးခြားတဲ့သူတွေ၊ ထူးခြားတဲ့ အဖြစ်အပျက်တွေပေါ် အခြေခံရေးသားထားတဲ့ ဝတ္ထုတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဝတ္ထုတိုတွေကနေတစ်ဆင့် ကျွန်တော်နဲ့အတူ ရင်းနှီးကျွမ်းဝင်ပြီးသား သာမန်နေ့စဉ်ဘဝထဲကိုပဲ ပုံစံတစ်မျိုး၊ အမြင်တစ်မျိုးနဲ့ ပြန်ဝင်ကြည့်ဖို့ ဖိတ်ခေါ်ပါရစေ။ ငြီးငွေ့မှုတွေ ခဏလောက် ပြေပျောက်ဖို့အတွက်ပဲ ဖြစ်ဖြစ်ပေါ့။

မင်းသန့်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK


- ဆက်သွယ်ရန် ဖုန်းနံပါတ် ၁၁
- မစံပယ်ဖြူ ၃၆
- လက်ထိုးရုပ်မလေး ၄၂
- အိပ်မောကျနေတဲ့ ချစ်သူကို ငေးကြည့်ရဲလား.... တစ်ညလုံး ၆၃
- နှစ်ခု၊ နှစ်ကောင်၊ နှစ်ယောက် ၆၈
- ရယ်ရတယ်... ငါ့ကောင်ရေ ၇၂
- မုဆိုးမ ၇၇
- မီးဖိုချောင်ထဲက လူ ၈၁
- ဟိုလိုဂရက်ဖစ်ယူနီဖောင်း ၉၃
- ရပ်ကွက်လူကြီး ၉၉
- ရုံးထဲက လူသတ်မှု ၁၀၂


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဆက်သွယ်ရန် ဖုန်းနံပါတ်

## အခန်း(၁)

ဒီအိမ်ထောင်ရေး ဖောက်ပြန်တဲ့ဇာတ်လမ်း စတင်ရာဖြစ်တဲ့ ကျွန်တော်နဲ့ သူ စတင်ဆုံတွေ့ကြပုံက တကယ့်ကို ဆန်းကြယ်လှပါတယ်။ ဒီလိုပြောတာက ကျွန်တော့်ရဲ့ လူမှုရေးဖောက်ပြန်မှုအတွက် ဆင်ခြေပေးချင်လို့ မဟုတ်ရပါဘူး။ ခင်ဗျားအနေနဲ့ ဇာတ်လမ်းကို အစ၊ အဆုံး နားထောင်ပြီးတဲ့နောက်မှာ ကျွန်တော့်ကို အလကားကောင်ပဲလို့ သတ်မှတ်မယ်ဆိုရင်လည်း ကျွန်တော့်အနေနဲ့ ဘာမှ စောဒကတက်နေမှာ မဟုတ်ပါဘူး။

အဲဒီနေ့က ကျွန်တော်ဟာ "ငါ ဘာတွေ ခံစားနေရလဲ မင်း နားမလည်ပါဘူး" ဆိုတဲ့ အသံကြောင့် အိပ်နေရာကနေ ရုတ်တရက် နိုးလို့လာခဲ့တယ်။ ကျွန်တော် အိပ်ရာက နိုးလာလာချင်းမှာ အဲဒီအသံကို ကြားလိုက်ရတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ သေချာမသိနိုင်ပါဘူး။ အသံက ကျွန်တော် နေတဲ့ အခန်းရဲ့ အောက်ထပ် ၃ လွှာက လာတဲ့အသံ ဆိုတာကတော့ သေချာသလောက်ပါပဲ။ အောက်ထပ်က လင်မယား ရန်ဖြစ်နေပုံ ရပါတယ်။ သူတို့ လင်မယား ခုတစ်လော မကြာခဏဆိုသလို ရန်ဖြစ်၊ စကားများတတ်ကြတယ်။ ကိုယ်နဲ့ အရင်းနှီးဆုံးဖြစ်တဲ့ ကိုယ့်မိန်းမကတောင် ကိုယ့်ကို နားမလည်ဘူးလို့ ခံစားနေရတယ် ဆိုတော့ ဒီလူ့ဘဝက တော်တော် အထီးကျန်မှာပဲလို့ တွေးမိပြီး ကျွန်တော့်မှာ မဆီမဆိုင် စိတ်မသက်မသာ ဖြစ်သွားမိတယ်။ တစ်ဆက်တည်းမှာပဲ

mgyoe.com

mgyoe.com
SAMPLE BOOK


ငါ့မိန်းမကတော့ ငါ့အပေါ် အစစ အရာရာ နားလည်ရှာတယ်လို့လည်း တွေးမိသွားတယ်။ ညတုန်းက မိန်းမက သူ့နားရက်မို့လို့ ကျွန်တော်နဲ့ Video Call ပြောချင်ပေမဲ့ ကျွန်တော့်မှာက Deadline နီးနေတဲ့ ဒီဇိုင်းတွေ အပြီးသတ်ဖို့ ရှိနေတာကြောင့် မပြောနိုင်တာကိုတောင် သူက မယုံသင်္ကာနဲ့ ဟိုဟိုဒီဒီ မေးခွန်းတွေ မထုတ်ဘဲ နားလည်ပေးရှာတယ် မဟုတ်လား။ အောက်ထပ်က လူကလည်း သူ့မိန်းမက သူ့ကို နားမလည်ဘူးလို့ တကယ်ခံစားနေရတာ ဟုတ်ချင်မှ ဟုတ်မှာပါ။ ဒီအတိုင်း ရန်ဖြစ် စကားများတုန်း စကားနာထိုးချင်လို့ ပြောလိုက်တာလည်း ဖြစ်ရင် ဖြစ်နိုင်တာပဲ။ အဲဒီလို အိပ်ရာထဲက မထသေးဘဲ တောင်တောင်ဉာဉ် စဉ်းစားနေတုန်းမှာပဲ ကျွန်တော့်ဖုန်းက မြည်လာခဲ့တယ်။

"ဟယ်လို"

"ဟယ်လို... ကိုလင်းသူ လားရှင့်"

"ဟုတ်ပါတယ်..."

"ဟိုဟာလေ...ဒီမှာ ဦးလေးကြီးတစ်ယောက် လမ်းပေါ်မှာ ရုတ်တရက် သတိလစ်သွားလို့... အခုခေါ်တာ သူ့ဖုန်းပါ။ သူ့ဖုန်းထဲမှာက အစ်ကို့နံပါတ် တစ်ခုတည်းပဲ မှတ်ထားတာ ရှိတယ်... အဲဒါ မြန်မြန်လေး လာခဲ့ပေးပါ"

တစ်ဖက်က အဲဒီလို ခပ်လောလောလေသံနဲ့ ပြောလာတော့ ကျွန်တော်လည်း ရုတ်တရက်လန့်သွားပြီး "ဟုတ်ကဲ့... ဟုတ်ကဲ့... ဘယ်ကို လာရမလဲဗျ" လို့ ပြန်ပြောလိုက်မိတယ်။ တစ်ဖက်က ပြောတဲ့ လိပ်စာကို မှတ်လိုက်ပြီး ဖုန်းချပြီးတော့မှ ကျွန်တော့်ကို ခေါ်သွားတဲ့ ဖုန်းနံပါတ်ကို ပြန်ကြည့်လိုက်မိတော့ ကျွန်တော် မသိတဲ့ နံပါတ်အစိမ်းကြီး ဖြစ်လို့နေတယ်။ ဒီတော့မှ ကျွန်တော်လည်း ဒါခေတ်ပေါ် လိမ်နည်းအသစ်များလားလို့ တွေးမိသွားတယ်။ ကျွန်တော့်အလုပ်က အလွတ်တမ်း ဂရက်ဖစ်ဒီဇိုင်းနဲ့ သရုပ်ဖော်ပုံဆွဲတဲ့သူ ဆိုတော့ ကျွန်တော့်မှာက နံပါတ်အစိမ်းနဲ့ ဖုန်းဝင်လာရင်လည်း အလုပ်အပ်မယ့်သူ အသစ်များလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ကိုင်ရတာပဲ။ အဲဒါကြောင့် ဖုန်းဝင်လာလာချင်းတုန်းက နံပါတ်အစိမ်း ဖြစ်နေတာကို သတိမထားလိုက်မိတာ။ ဒါပေမဲ့ လိမ်နည်းအသစ် ဆိုရင်လည်း ဒီနည်းက တော်တော် ကြောင်တောင်တောင်နိုင်တာပဲ။ မဟုတ်ဘူးလား။ လမ်းပေါ်မှာ မေ့လဲတဲ့ ဦးလေးကြီးတစ်ယောက်ရဲ့ ဖုန်းထဲမှာ မှတ်ထားတဲ့ ဖုန်းနံပါတ်က တစ်ခုပဲ ရှိသတဲ့။ အဲဒီနံပါတ်ကလည်း ကျွန်တော့်နံပါတ် ဖြစ်နေတယ်

mgyoe.com

 SAMPLE BOOK 

တဲ့။ ဘယ်လိုလူမျိုးက ဖုန်း Contact ထဲမှာ နံပါတ်တစ်ခုတည်း ရှိမှာတဲ့လဲ။ တကယ်ပဲ အဲဒီလူကြီးရဲ့ ဖုန်းထဲမှာ ကျွန်တော့် နံပါတ်တစ်ခုတည်းပဲ ရှိတယ်ဆိုရင်လည်း အနည်းဆုံးတော့ သူ့ဖုန်းနံပါတ်ကို ကျွန်တော် သိနေရမှာပေါ့။ အခုတော့ ဒီဖုန်းနံပါတ်က ကျွန်တော့် Contact ထဲမှာ မရှိသလို၊ Call History ထဲမှာလည်း လုံးလုံးမရှိဘူး။ ဒီလိုတွေးမိတော့ ခုနက အလန့်တကြား ဖြစ်မိသွားတာကို ကိုယ့်ဘာသာကိုယ် ပြန်ရယ်ချင်မိသွားတယ်။ ဒါနဲ့ပဲ "လိမ်ရင်လဲ နည်းနည်းပါးပါး ယုတ္တိရှိအောင် လိမ်စမ်းပါကွာ" လို့ စိတ်ထဲက တွေးလိုက်ပြီး ကျွန်တော်လည်း ပြန်အိပ်မရမယ့် အတူတူ ဧည့်ခန်းထဲက ဆက်တီမှာ ထိုင်ရင်း စီးကရက်တစ်လိပ် ထိုင်ဖွာနေလိုက်တယ်။

စီးကရက်ကုန်သွားတော့လည်းအိပ်ရေးကောင်းကောင်းမဝသေးတာနဲ့ ဆက်တီပေါ်မှာ ဆက်မှိန်းနေရင်း ခုနကဖုန်း နောက်တစ်ခါ ပြန်လာရင် ဘာပြောရကောင်းမလဲလို့ တွေးနေလိုက်တယ်။ ဒါပေမဲ့လည်း ဖုန်းက ပြန်မလာခဲ့ဘူး။ ဒီတော့လည်း ကျွန်တော့်မှာ တောင်တွေး၊ မြောက်တွေးနဲ့ စိတ်ပူသလို ဖြစ်လာမိပြန်တယ်။ အဲဒီလမ်းပေါ်မှာ သတိလစ်သွားတယ်ဆိုတဲ့ လူကြီးက တကယ်ပဲ ကျွန်တော့်သိတဲ့ လူတစ်ယောက်ယောက် ဖြစ်နေခဲ့ရင် ဘယ်လိုလုပ်မလဲ။ သွားကြည့်လိုက်ရရင် ကောင်းမလား။ လူလိမ်တွေဆိုရင်တောင် ဖုန်းဆက်တဲ့ ကောင်မလေး ပြောတဲ့နေရာက အိမ်နဲ့ သိပ်မဝေးဘူး။ လူပြတ်တဲ့နေရာမျိုးလည်း မဟုတ်ဘူး။ လေးထောင့်ကန်လမ်းပေါ်က အသင်းတိုက် မှတ်တိုင်နားမှာတဲ့။ သုဝဏ္ဏဘောလုံးကွင်းနားပေါ့။ အဲဒီလိုနေရာမျိုးမှာ နေ့ခင်းကြောင်တောင်ကြီး အန္တရာယ်ကြီးကြီးမားမား ကြုံရစရာတော့ မရှိလောက်ပါဘူး။ နောက်ပြီး ကျွန်တော့်မှာက မိန်းမနားရက်ဆို Video Call နဲ့ဖုန်းပြော၊ တစ်လ နှစ်ခါလောက် သူငယ်ချင်းတွေနဲ့ ဘီယာသောက်တာက လွဲလို့ အလုပ်ပြီး၊ အလုပ်နဲ့ အိမ်ထဲမှာ ပိတ်မိနေခဲ့တာလည်း ကြာပြီ။ ဒီကိစ္စက ဘာပဲဖြစ်ဖြစ် အတွေ့အကြုံရစရာ အသစ်အဆန်း စိတ်လှုပ်ရှားစရာလေး တစ်ခုတော့ ဖြစ်သွားနိုင်တာပဲ။

ဒီလိုအတွေးနဲ့ ကျွန်တော်လည်း မျက်နှာသစ်ပြီး တိုက်ပေါ်က ဆင်းလာခဲ့လိုက်တယ်။ အရေးအကြောင်းဆို အကူအညီရအောင် အိမ်နားက အသိတက္ကစီတစ်စီးကို ဈေးမမေးဘဲ ငှားလိုက်တယ်။ ကားပေါ်တက်မိတယ် ဆိုရင်ပဲ ကျွန်တော့်

mgyoe.com

mgyoe.com

SAMPLE BOOK


ဆုံးဖြတ်ချက် မှန်တယ်ဆိုတာ သိလိုက်ရတယ်။ ဘာလို့လဲဆိုတော့ ရှေ့မှာ ကြုံရမယ့် ဘာမှန်း မသိတဲ့ ကိစ္စအတွက် စိတ်လှုပ်ရှားလာလို့၊ ကျွန်တော့်မှာ ဒီလို စိတ်မလှုပ်ရှားရတာ တော်တော်လေးကြာပြီ။ ကားနောက်ကြည့်မှန်ထဲမှာ မြင်ရတဲ့ ကျွန်တော့်မျက်နှာကတော့ အခြေအနေ မကောင်းဘူး။ နဂိုကတည်းက ပိန်ရတဲ့ ကြားထဲ ဆံပင်က သုံးလစာလောက် ရှည်ပြီး ဖုတ်သိုက်ဖြစ်နေတယ်။ အိပ်ရေးပျက်တာတွေ များတော့ ပါးချောင်နားချောင်ကျပြီး မျက်တွင်းကလည်း ဟောက်ပက်ဖြစ်လို့ နေတယ်။ အအိပ်၊ အစားလေးလည်း နည်းနည်း ဂရုစိုက်ဦးမှပဲ။

အသင်းတိုက် မှတ်တိုင်နား ရောက်တော့ လမ်းပေါ်မှာ လူရှုံးစု ရှုံးစု ဖြစ်နေတာမျိုး မတွေ့ရဘူး။ အားလုံး ပုံမှန်ပဲ။ ကားမှတ်တိုင်မှာ လူနည်းနည်း ပါးပါးပဲ ရှိတယ်။ ထွက်လာမိလက်စနဲ့ဆိုတော့ ကျွန်တော်လည်း မထူးဘူးဆိုပြီး ခုတင်က ဖုန်းကို ပြန်ခေါ်လိုက်တယ်။ တစ်ဖက်က ဖုန်းဆက်တဲ့ ကောင်မလေး အသံပဲ ပြန်ထူးလာတယ်။

"ဟယ်လို... လူနာက အသည်းအသန် ဖြစ်နေလို့ ညီမ အရေးပေါ်ကား ခေါ်ပြီး စံပြဆေးရုံ ရောက်နေပြီ အစ်ကို၊ အရေးပေါ်ဌာနကို အမြန်လာခဲ့ပါ"

ဒီလိုပြောလာတော့ ကျွန်တော်လည်း ရုတ်တရက် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားတယ်။ ဆေးရုံကိုရောက်မှ လူအုပ်စုနဲ့ ဆေးဖိုးဆိုပြီး ပိုက်ဆံအတင်းပိုင်းတောင်းတာတို့ ဘာတို့များ လုပ်မှာလား၊ ဒါမှမဟုတ် အသိတစ်ယောက်ယောက် တကယ်များ ဒုက္ခရောက်နေတာလား ဝေခွဲမရပေမယ့် ကားကို စံပြဆေးရုံကို မောင်းနိုင်းလိုက်မိပြီ။ အပေါက်ဝကို ရောက်တော့ သတိနည်းနည်း ပြန်ကပ်လာတာနဲ့ ကားပေါ်က မဆင်းသေးဘဲ ဖုန်း အရင်ပြန်ဆက်လိုက်တယ်။

"စိတ်မကောင်းပါဘူး အစ်ကို... ဆုံးသွားပြီ တဲ့"

ကျွန်တော် ကားပေါ်ကနေ ကမူးရှူးထိုးနဲ့ ဆင်းပြီး သူပြောတဲ့ နေရာကို အပြေးအလွှား ရောက်သွားတော့ အဝတ်ဖြူအုပ်ထားတဲ့ အလောင်းစင်တစ်ခုနဲ့ ကောင်မလေးတစ်ယောက် ကျွန်တော့်ကို စောင့်လို့နေတယ်။ ဘေးမှာက အော်ဟစ်ညည်းညူနေတဲ့ လူနာတွေ၊ စိုးရိမ်တကြီး လူနာရှင်တွေနဲ့ ဆေးရုံဝန်ထမ်းတွေ ပျားပန်းခပ်လို့ နေတယ်။ အပြင်ကလာတဲ့ ဆေးရုံကားသံ တစီစီကိုလည်း ကြားနေရသေးတယ်။ ဒီလို အခြေအနေတွေကြောင့် ကျွန်တော့်မှာ ချွေးစေးတွေ ပြန်လာပြီး ရုပ်ရှင်တွေထဲကလို အလောင်းစင်ရှိရာကို ဖုတ်ကောင် တစ်ကောင်လို

mgyoe.com

တစ်လှမ်းချင်း လျှောက်သွားလိုက်မိတယ်။ အနားကို ရောက်တော့ ကောင်မလေးက စာနာတဲ့အကြည့်နဲ့ ကြည့်ရင်း အလောင်းပေါ်က အဝတ်ကို ဖယ်ပြတယ်။ ပြီးတော့ ကျွန်တော့်လက်ထဲကို ဖုန်းတစ်လုံး ထိုးပေးတယ်။

"သူ့ဖုန်း အစ်ကို"

လူသေရဲ့ မျက်နှာကို မကြည့်ရဲသေးတာနဲ့ ကျွန်တော်လည်း ဖုန်းကို ငုံ့ကြည့်လိုက်မိတယ်။ ဖုန်းက keypad ဖုန်း အစုတ်လေးပါ။ lock တွေဘာတွေ မချထားဘူး။ ဟုတ်ပါတယ်။ Contact List ထဲမှာ မြန်မာလိုပဲ 'လင်းသူ' လို့ မှတ်ထားတဲ့ ကျွန်တော့်ဖုန်း တစ်လုံးကလွဲလို့ ဘာမှ မရှိပါဘူး။ Call History ထဲမှာလည်း ဘာနံပါတ်မှ မရှိဘူး။ ဒီတော့လည်း မတတ်သာတော့ဘဲ လူသေရဲ့ မျက်နှာကို မရဲတရဲနဲ့ လှမ်းကြည့်လိုက်ရတော့တယ်။

"ကျွန်တော် သူ့ကို မသိဘူး"

ကျွန်တော့်အသံက လိုအပ်တာထက် နည်းနည်းပိုကျယ်သွားပြီး အကြောက်အကန် ငြင်းချက်ထုတ်တဲ့ လေသံပါ ပါသွားတယ်။ ကောင်မလေးက မျက်မှောင်ကြုတ်သွားပြီး "အစ်ကို သေချာရဲ့လား" လို့ ပြန်မေးတယ်။ သေချာပါတယ်။ ဒီသေနေတဲ့ အသက် ၅၀ ကျော် လူကြီးကို ကျွန်တော် တစ်ခါမှကို မမြင်ဖူးပါဘူး။ ကျွန်တော့်အသိတွေထဲမှာ သူနဲ့ ရုပ်ချင်းဆင်တဲ့ သူမျိုးတောင် မရှိဘူး။ ကောင်မလေးက ကျွန်တော့်ကို အကဲခတ်သလို တစ်ချက် ကြည့်နေပြီးတော့ ထွက်သွားတယ်။ နောက်တော့ ခပ်လှမ်းလှမ်းက လူတချို့နဲ့ စကားသွားပြောတယ်။ ပြီးတော့ ငူငူငေါင်ငေါင်နဲ့ ရပ်နေသေးတဲ့ ကျွန်တော့်အနားက ဖြတ်ပြီး ဆေးရုံအပြင်ကို ထွက်သွားတယ်။ ဒီတော့မှ ကျွန်တော်လည်း သတိဝင်လာပြီး သူ့နောက်ကို လိုက်သွားလိုက်တယ်။

"သူ့ကိုဘယ်လိုလုပ်ကြမှာလဲ"လို့ဆေးရုံအပြင်ကိုရောက်တော့ ကျွန်တော်က ကြောင်တောင်တောင်နဲ့ သူ့ကို မေးလိုက်တယ်။

"ဆေးရုံမှာ ခဏ ထားမှာပေါ့။ နှစ်ရက်ကြာတဲ့အထိ လာရှာတဲ့သူ မရှိရင် ပိုင်ရှင်မဲ့ အလောင်းအနေနဲ့ သင်္ဂြိုဟ်မယ် ပြောတယ်"

ပိုင်ရှင်မဲ့အလောင်း ဆိုတဲ့ စကားလုံးက ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ်လို့ သွားပြီး ဘာကြောင့်မှန်း မသိ ငိုချင်သလိုကြီး ဖြစ်လာမိတယ်။ ကောင်မလေးကို ကြည့်လိုက်တော့လည်း မျက်နှာမကောင်းဘူး။ ကားနားကို ရောက်တော့ သူက အတင်းငြင်းသေးပေမဲ့ ကျွန်တော် ငှားလာတဲ့ ကားနဲ့ပဲ သူသွားမယ့် နေရာကို

mgyme.com

mgyoe.com

လိုက်ပို့ပေးလိုက်တယ်။ သူက လှည်းတန်းဘက်ကို သွားတာပါ။ ကျွန်တော်တို့ တစ်လမ်းလုံး စကား မပြောဖြစ်ကြပါဘူး။

## အခန်း (၂)

နောက်ပိုင်းရက်တွေမှာ 'ပိုင်ရှင်မဲ့အလောင်း' ဆိုတဲ့ စကားလုံးက ကျွန်တော့်ကို အဆက်မပြတ် ဆိုသလို ဖိစီးလို့ထားခဲ့တယ်။ လူတစ်ယောက်ဟာ ဘဝမှာ ဘယ်လို နေထိုင်ခဲ့မိလို့ သူ့ရဲ့ ဖုန်းထဲမှာ သူ့ကို သိတောင်မသိတဲ့ လူတစ်ယောက်ရဲ့ ဖုန်းနံပါတ်က လွဲလို့ ဆက်သွယ်စရာ ဖုန်းနံပါတ်တစ်ခုမှ မရှိရတာလဲ။ သေဆုံးချိန်မှာ ချစ်သူ၊ခင်သူဆိုတာ အသာထားလို့၊ သူ့ကို သိတဲ့သူ တစ်ယောက်တောင်မှ မရှိတဲ့ ဘဝမျိုးနဲ့ သေရရှာတာလဲ။ ဒီမေးခွန်းတွေက ကျွန်တော့်ကို အိပ်ပျော်နေချိန်က လွဲလို့ အချိန်ပြည့် ဖိစီးလို့နေခဲ့တယ်။ ကျွန်တော့်အနေနဲ့ကတော့ အဲဒီလူကြီးကို မသိတာ သိပ်ကို သေချာလှပါတယ်။ ဘယ်လိုပဲ စဉ်းစား၊ စဉ်းစား သူ့ရဲ့မျက်နှာက ကျွန်တော့်ဦးနှောက်ရဲ့ မှတ်ဉာဏ်တွေထဲမှာ ပေါ်မလာခဲ့ပါဘူး။ သူ့ရဲ့ဖုန်းနံပါတ် ကလည်း ဘယ်လိုရှာရှာ ကျွန်တော်နဲ့ပတ်သက်ဆက်နွှယ်မှု တစ်ခုမှ မရှိပါဘူး။

ကျွန်တော့်အပေါ် ဖိစီးနေတာတွေ လျော့ကျသွားအောင်လို့ ဒီကိစ္စကို တစ်ယောက်ယောက်ကို ပြောပြဖို့ ကျွန်တော် ကြိုးစားခဲ့ပါသေးတယ်။ ပထမဆုံး အနေနဲ့ ကျွန်တော်နဲ့ လက်ရှိ အတူနေတဲ့ ညီဝမ်းကွဲကို ဘီယာလေး၊ ဘာလေး သောက်ရင်း ပေါ့ပေါ့ပါးပါးပဲ ပြောပြဖို့ ကြိုးစားခဲ့ပါတယ်။ သူက ကျွန်တော့် မိန်းမ နိုင်ငံခြားသွားပြီး အလုပ်လုပ်ရဖို့ ဖြစ်လာတော့ ကျွန်တော် တစ်ယောက်တည်း ဖြစ်နေတာနဲ့ အတူလာနေပေးတာပါ။ ဒါပေမဲ့ သူက အသက်အရွယ်အရ ခုမှ ၂၀ ဝန်းကျင်ပဲ ရှိသေးတဲ့အပြင် ဘာကိုမှ သိပ်အလေးအနက် မထားတတ်တဲ့ သူမျိုး ဖြစ်နေတာက တစ်ကြောင်း၊ ကျွန်တော့်မှာက ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို ပေါ့ပေါ့ပါးပါး သဘောထားဖို့ မဖြစ်နိုင်လောက်အောင် ဖိစီးနေခဲ့တာကလည်း တစ်ကြောင်းဆိုတော့ ပြောမထွက်ခဲ့ပါဘူး။ ကျွန်တော့်ရဲ့ အရင်းနှီးဆုံးသူ၊ ကျွန်တော့် အပေါ် နားအလည်ဆုံးသူဖြစ်တဲ့ ကျွန်တော့်မိန်းမကိုလည်း ပြောပြဖို့ စဉ်းစားခဲ့ ပါသေးတယ်။ ဒါပေမဲ့ သူ့ခမျာ နဂိုကတည်းက ဘဝနောင်ရေးအတွက် အိုးပိုင်၊ အိမ်ပိုင်လေး ဖြစ်ဖို့၊ ငွေပိုငွေလျှံလေး စုနိုင်ဖို့ တို့လိုအကြောင်းပြချက်တွေကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK


သာ မတတ်သာလို့ ကျွန်တော်နဲ့ ခွဲပြီး ပြည်ပထွက် အလုပ် လုပ်နေရရှာတာပါ။ အဲဒါကို ကျွန်တော်က ဒီလိုကိစ္စကြီးကို သွားပြောလိုက်ရင် သူပါစိတ်ဖိစီးရတာပဲ ရှိတော့မှာပေါ့။ သူ့မှာက အလုပ်ဖိစီးမှုတွေကလည်း များလှတယ် မဟုတ်လား။ နယ်ဝေးရပ်ခြားက ကျွန်တော့်မိဘတွေကို ပြောဖို့ဆိုတာကလည်း ပိုလို့တောင် ဆိုးပါသေးတယ်။ သူတို့က "သားရယ်... အိမ်ပြန်လာနေပါလား" လို့ ချက်ချင်း ပြောမှာကို အခုတောင်ကြိုပြီး ကြားယောင်နေမိတယ်။ သူငယ်ချင်းတွေကိုလည်း ကျွန်တော့် ညီဝမ်းကွဲကို ပြောမထွက်တဲ့ အကြောင်းပြချက်ကြောင့်ပဲ ပြောမပြ နိုင်ခဲ့ဘူး။

အဲဒီကိစ္စနဲ့ကြုံရပြီးနောက်ပိုင်း ရက်တွေမှာကျွန်တော်ဟာတစ်ခါတလေ ဆို ဖုန်း Contact List ထဲက ဖုန်းနံပါတ်တွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်ရင်း ငါ့ ဖုန်းထဲမှာ ဆက်စရာဖုန်းနံပါတ်တွေ ရာနဲ့ချီပြီး ရှိတာတောင် ဒီကိစ္စကို ပြောပြဖို့ ကျတော့ တစ်ယောက်မှ မရှိပါလားလို့ တွေးရင်း စိတ်ဓာတ်ကျသလိုတောင် ဖြစ် နေခဲ့မိတယ်။ ပြဿနာက ဘာမှ မကြီးကျယ်ပါဘဲနဲ့ ကျွန်တော်က အတွေးခေါင် နေခဲ့မိတာလည်း ဖြစ်ရင် ဖြစ်မှာပါ။

ဒီလိုနဲ့ သုံး၊ လေးရက် ကြာတဲ့အထိ အဲဒီကိစ္စကို မထွေးနိုင်၊ မအံနိုင်ဖြစ် နေခဲ့ပြီးတဲ့ နောက်မှာ ကျွန်တော့်ဆီ ဖုန်းဆက်ခဲ့တဲ့ ကောင်မလေးက ကျွန်တော့် ခေါင်းထဲ ရောက်လာခဲ့တယ်။ သူနဲ့ ကျွန်တော်က အတူကြုံခဲ့ကြရတာ မဟုတ် လား။ နောက်ပြီး သူ့အနေနဲ့ ကျွန်တော်က တာဝန်မယူချင်လို့ အဲဒီလူကြီးကို မသိဘူးလို့ ငြင်းလိုက်တာများလားလို့ အထင်မှားရင် မှားနေနိုင်တယ်လို့လည်း တွေးပူမိသွားတယ်။ ဒီတော့လည်း သူနဲ့ နောက်တစ်ခါလောက် စကားပြောချင် စိတ် ပေါက်လို့လာတယ်။ ဒါပေမဲ့ ကျွန်တော့်မှာက သူ့ဖုန်းနံပါတ် မရှိဘူး။ သူက ကျွန်တော့်ဆီ ဖုန်းဆက်တုန်းကလည်း သေသွားတဲ့ လူကြီးရဲ့ ဖုန်းနဲ့ပဲ ဆက်သွား ခဲ့တာကိုး။ အဲဒီဖုန်းက အခု ကျွန်တော့်ဆီမှာ။ အဲဒီဖုန်းကို တစ်ယောက်ယောက် များ ဆက်လာမလား ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပါဝါ ပိတ်မသွားအောင် ဂရုတစိုက် အားသွင်းပေးထားပေမယ့် ဘယ်ကမှ ဖုန်းဝင်မလာခဲ့ဘူး။

အဲဒီကိစ္စကြီးနဲ့ ကြုံရပြီး ခြောက်ရက်မြောက် ညမှာတော့ သူက ကျွန်တော့် ဆီ ဖုန်းဆက်လာခဲ့တယ်။

"ကိုလင်းသူလား... ညီမပါ" လို့ ကြားလိုက်တာနဲ့ အသံကို ချက်ချင်း

mgyoe.com

mgyoe.com
SAMPLE BOOK


မှတ်မိပြီး ကျွန်တော်လည်း ဝမ်းသာသွားခဲ့တယ်။ "ဟုတ်... ညီမ၊ ပြောပါ" ဆိုတော့ သူက ခဏတိတ်သွားပြီး –

"နည်းနည်းတော့ ကြောင်တောင်တောင်နိုင်မလား မသိဘူး၊ ဒီလိုပါ.... ဟိုနေ့က ဦးလေးအတွက် ညီမ တစ်ခုခု လုပ်ပေးချင်နေမိလို့၊ အဲဒါ မနက်ဖြန်က ရက်လည် ဆိုတော့ အလှူလေးတစ်ခု လုပ်ချင်တာ။ ညီမ သိတဲ့ မိဘမဲ့ဂေဟာ တစ်ခုမှာပါပဲ။ အစ်ကိုနဲ့ ဘာမှမဆိုင်မှန်းတော့ သိပါတယ်။ ဒါပေမဲ့..."

သူ့စကား မဆုံးခင်မှာပဲ "လာခဲ့မယ် ညီမ" လို့ ကျွန်တော် ချက်ချင်း ပြောလိုက်မိတယ်။ ဒါက ဒီတစ်ပတ်လုံးလုံး ကျွန်တော့်ကို ဖိစီးနေခဲ့တဲ့ ကိစ္စကြီး ကို သက်သာရာရစေမယ့် အခွင့်အရေး မဟုတ်လား။

မိဘမဲ့ဂေဟာက သန်လျင်ဘက်မှာပါ။ အလှူဆိုပေမယ့် ကျွေးဟယ်၊ မွေးဟယ်နဲ့ အလုပ်ရှုပ်တဲ့ အလှူမျိုး မဟုတ်ပါဘူး။ ဒီအတိုင်း စာအိတ်ကလေးနဲ့ ပိုက်ဆံပဲ လှူလိုက်တာပါ။ စာအိတ်ပေါ်မှာ ဘယ်သူ့ကို ရည်စူး၍ ဘယ်သူမှ ဆိုတာမျိုး မပါခဲ့ပါဘူး။ ကျွန်တော်တို့က နာမည်တွေ မထည့်တော့ဘူးလို့ ပြောတဲ့ အလှူငွေ လက်ခံတဲ့ သူကလည်း တောင်တောင်ဤဤတွေ ဘာမှ မမေးနေပါဘူး။ ဒါပေမဲ့... "အိုအောင်၊ မင်းအောင် ပေါင်းကြရပါစေကွယ်" လို့ ဆုပေးခံလိုက်ရတော့ ကျွန်တော့် မှာ မျက်နှာတွေ အတော်လေး ပူသွားခဲ့ရသေးတယ်။ သူကတော့ ဆုပေးတဲ့ လူကို ဘာမှ ပြန်မဖြေရှင်းနေသလို၊ အနေရခက်ပုံလည်း မရပါ ဘူး။

အဲဒီလိုနဲ့ အတော်လေး ကြောင်တောင်တောင်နိုင်တဲ့ အလှူဖြစ်ပေမဲ့ လည်း ကျွန်တော့်စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ပေါ့ပါးသွားခဲ့တာတော့ အမှန် ပါပဲ။ အဲဒီအတွက် သူ့ကို အတော်လေး ကျေးဇူးတင်သွားမိတယ်။ လှူဖို့အတွက် သူက ကျွန်တော့်ဆီက ပိုက်ဆံမတောင်းခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်က ပေးတဲ့ အခါကျတော့ မငြင်းဘဲ ယူပါတယ်။ အများကြီး မဟုတ်ဘူး၊ သောင်းဂဏန်း လောက်ပါ။

မိဘမဲ့ဂေဟာကနေ ထွက်လာတဲ့အခါကျတော့ ကျွန်တော့်မှာ စိတ်လက် ပေါ့ပါးသွားပြီ ဆိုပေမယ့် အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူနဲ့ စကားတွေ ပြောချင်နေ တုန်းပဲ။ မနက်စာလည်း မစားရသေးတာနဲ့ ခပ်သင့်သင့် လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင် တွေ့တော့ "လက်ဖက်ရည်လေး၊ ဘာလေး သောက်ကြရအောင်" လို့ ပြောလိုက်တယ်။ သူကလည်း "ကောင်းသားပဲ" တဲ့။

mgyoe.com

m g y o e . c o m

SAMPLE BOOK


သူ့နာမည်က 'မိုးဆွေ' တဲ့။ လှည်းတန်းမှာ အဆောင်နေတယ်။ အသက်ကတော့ ခန့်မှန်းကြည့်ရသလောက် ကျွန်တော့်ထက် ၄၊ ၅ နှစ်လောက် ငယ်မယ်။ ရှိလှ ၂၅ ဝန်းကျင်ပေါ့။ မိန်းကလေးထဲမှာဆို အရပ် နည်းနည်းမြင့်တယ်လို့ ပြောရမယ်။ ခပ်သွယ်သွယ်၊ ဆံပင်ကျော့လယ်လောက်နဲ့။ သူ့အကြောင်း တခြားအသေးစိတ်တွေတော့ ကျွန်တော်က မမေးသလို သူကလည်း ကျွန်တော့်အကြောင်းဘာမှ မမေးဘူး။ စားလို့၊ သောက်လို့ပြီးတော့ –

"အစ်ကို အဲဒီလူကြီးကို တကယ် မသိတာပါ" လို့ ကျွန်တော်က ရုတ်တရက် ပြောလိုက်မိတယ်။ ကျွန်တော့် လေသံက ကျွန်တော် ဖြစ်စေချင်သလို အမှုမဲ့၊ အမှတ်မဲ့ပြောတဲ့ လေသံမျိုး မဖြစ်ဘဲ ဖြေရှင်းချက်ထုတ်တဲ့ လေသံပဲ ဖြစ်သွားတယ်။ ဒါပေမဲ့ သူက –

"ညီမ သိပါတယ်၊ အစ်ကို့ အမူအရာတွေက အသိသာချည်းပဲကို" လို့ ရှေ့မှာ ချထားတဲ့ စီးကရက်တစ်လိပ်ကို ကောက်ပြီး မီးညှိလိုက်ရင်းက ခပ်အေးအေးပဲ ပြန်ပြောတယ်။ သူ စီးကရက်သောက်ပုံက သူစိမ်းနယ်က လက်ဖက်ရည်ဆိုင်ထဲမှာ ဖြစ်ပေမယ့်လည်း သက်သောင့်သက်သာ ရှိလှတယ်။ ကျွန်တော့်အနေနဲ့ မိန်းကလေးတွေ ဆေးလိပ်သောက်တဲ့အပေါ် ဘယ်လို သဘောထားမှ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော် တွေ့ဖူးသလောက် မိန်းကလေး တော်တော်များများက ကိုယ်မရင်းနှီးတဲ့ ပတ်ဝန်းကျင် တစ်ခုခုမှာ ဆေးလိပ်သောက်တဲ့အခါ သူများ ကဲ့ရဲ့မှာစိုးလို့ ခပ်ရွံ့ရွံ့ဖြစ်တဲ့ သူရယ်၊ မသိစိတ်ထဲကပဲဖြစ်ဖြစ် "ငါ့ဟာငါ သောက်တာဘာဖြစ်လဲ" ဆိုတဲ့ သဘောနဲ့ ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့ပုံမျိုး နည်းနည်းလောက်ဖြစ်သွားတတ်တဲ့ သူတွေရယ်ပဲ များတယ်။ အရက်တွေ၊ ဘီယာတွေ သောက်ရင်း၊ စားရင်းနဲ့ကျတော့လည်း ကျွန်တော့်အမြင်မှာ လိုအပ်တာထက် ပိုပြီး ရဲတင်းလွန်းနေကြသလိုပဲ။ သူ ဆေးလိပ်သောက်ပုံကတော့ အဲဒီလိုတွေ မဖြစ်ဘဲ ပုံမှန်လုပ်ရိုး၊ လုပ်စဉ် ကိစ္စတစ်ခုကို လုပ်နေသလိုပဲ တကယ့်ကို သက်သောင့်သက်သာ ရှိတယ်။ နောက်ပြီး သိပ်ကြည့်လို့ ကောင်းတယ်။ တွေ့စက သူ့ရုပ်ရည်နဲ့ ပတ်သက်ပြီး သတိမထားခဲ့မိပေမယ့် အခု စီးကရက်ကို ပါးစပ်မှာ ခဲလိုက်တဲ့ အချိန်ကျတော့ စိတ်ထဲမှာ "လှလိုက်တာ" လို့ မှတ်ချက်ချမိသွားတဲ့အထိပဲ။ ဖတ်ဖူးတဲ့ ဝတ္ထုတွေ၊ ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲက စီးကရက်သောက်တာ သိပ်အထာကျတဲ့ ဇာတ်လိုက်မင်းသမီးတွေလိုပဲလို့ ပြောရင်တော့ နည်းနည်း ပိုရာကျမှာပေါ့။

mgyoe.com

mgyoe.com

SAMPLE BOOK


သူနဲ့ကျတော့ ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာ မလိုတော့လို့ရင်လည်း ဖြစ်မယ်၊ ပိုင်ရှင်မဲ့အလောင်း ဆိုတာကြီးကြောင့် ကျွန်တော် ခံစားရတာတွေကို လွယ်လွယ်ပဲ ပြောထွက်ခဲ့တယ်။

"ညီမလည်း အတူတူပါပဲ။ တစ်ပတ်လုံး အဲဒီလူကြီးမျက်နှာကို မျက်လုံးမှိတ်လိုက်တာနဲ့ မြင်ယောင်နေမိတယ်။ အဲဒါကြောင့် သူ့ရက်လည်နေ့မှာ ဒီလိုလေး လုပ်ဖြစ်တာ"

"အဲဒီလူကြီးမှာ တကယ်ပဲ မိသားစုတွေ၊ ဘာတွေ မရှိဘူးလား မသိဘူး။ သူ့ဖုန်းကို အစ်ကို အမြဲဖွင့်ထားတယ်။ ဒါပေမဲ့ အခုထိ ဘယ်သူမှ မဆက်လာဘူး။ အစ်ကို့ ဖုန်းနံပါတ်ကိုတော့ ဒီဇိုင်းတွေ၊ ဘာတွေ အပ်ဖို့ရှိလို့ အစ်ကိုနဲ့ သိတဲ့ တစ်ယောက်ယောက်က ပေးလိုက်တာကို မှတ်ထားတာလို့ပဲ ခန့်မှန်းရတော့ တာပဲ။ ဒါလည်း သိပ်တော့ အဓိပ္ပာယ်မရှိသလိုပဲနော်။ သူဘယ်သူ၊ ဘယ်ဝါ ဖြစ်ကြောင်း ဘာအထောက်အထားမှလည်း သူ့ကိုယ်ပေါ်မှာ မပါဘူးလား"

"သူ့ဆီကနေ ပိုက်ဆံနည်းနည်းပါးပါးနဲ့ ဖုန်းတစ်လုံးပဲ တွေ့တယ်။ အစ်ကို့ ဖုန်းနံပါတ်ကိစ္စတော့ ညီမလည်း မပြောတတ်ဘူး။ သူ့အတွက် ဆက်သွယ်စရာလူ တစ်ယောက်မှ မရှိဘူးဆိုတာကတော့ လုံးဝကြီး မဖြစ်နိုင်တဲ့ ကိစ္စမျိုး မဟုတ်ဘူး ထင်တာပဲ။ ဘာလို့လဲဆိုတော့ ညီမတို့လည်း အဲဒီလို အခြေအနေမျိုးကို အချိန်မရွေး ရောက်သွားနိုင်တာပဲလေ"

သူ အဲဒီလို ပြောလိုက်တော့ ကျွန်တော့်မှာ ဆေးလိပ်ကို ရှိုက်နေရင်းက သီးတောင် သီးသွားတယ်။ ကျွန်တော်က ဘာလို့ ပိုင်ရှင်မဲ့အလောင်းဘဝ ရောက်ရမှာလဲ။ ကျွန်တော့်မှာ မိသားစုရော၊ အသိမိတ်ဆွေတွေရော ရှိတာပဲကို။ ကျွန်တော့်ရဲ့ ဒီအတွေးကို ကျွန်တော်က ထုတ်ပြောပြီး စောဒကတက်လိုက်တော့ သူက–

"အင်း... ဒါပေမဲ့ မိသားစုပဲဖြစ်ဖြစ်၊ ဆွေမျိုး၊ အသိမိတ်ဆွေပဲဖြစ်ဖြစ် ကိုယ့်အတွက် ဆိုပြီး တစ်ယောက်ယောက် ရှိနေဖို့ဆိုတာက စဉ်ဆက်မပြတ် တည်ဆောက်ယူနေရတာလေ။ အသက်ရှင်ဖို့အတွက် နေ့တိုင်း အစားစားဖို့၊ အိပ်ဖို့ လိုအပ်သလိုပဲ။ တကယ်လို့ ကိုယ့်ဘက်က သူတို့နဲ့ ရင်းနှီး၊ နီးစပ်နေဖို့ လိုအပ်တဲ့ အလိုက်သင့် ပြုမူနေထိုင်မှုတွေကို ရပ်လိုက်မယ် ဆိုတာနဲ့ ဘယ်လောက်ကြီး ရင်းနှီးတဲ့သူတွေနဲ့ပဲဖြစ်ဖြစ် တဖြည်းဖြည်း ဝေးကွာသွားဖို့ သေချာသလောက်ပဲ။ တကယ်လို့များ သူတို့ဆန္ဒ၊ သတ်မှတ်ချက်တွေနဲ့ ဆန့်ကျင်ဘက်တွေကိုသာ

mgyoe.com

m gyoe.com  SAMPLE BOOK 

မကြာ၊ မကြာ လုပ်မိမယ်ဆိုရင် ဝေးကွာအဆက်ပြတ်သွားဖို့ ပိုပြီးတောင် မြန်လိမ့်ဦးမယ်။ အပြန်အလှန်အနေနဲ့ ကိုယ့်ဘေးမှာ ရှိတဲ့လူတွေက ကိုယ်နဲ့ ဆန့်ကျင်ဘက်တွေချည်း ဖြစ်လာမယ် ဆိုရင်လည်း အဲဒီလိုပဲ ဝေးကွာသွားတော့မှာပဲ။ လူ ဆိုတာကလည်း ဘယ်အချိန်မှာ၊ ဘာတွေကြုံရပြီး ဘာတွေ လုပ်မိမယ်ဆိုတာ ကြိုမသိနိုင်ဘူး မဟုတ်လား။ အဲဒီတော့ ညီမတို့လည်း တစ်ချိန်ချိန်မှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်း မရှိတဲ့ အထီးကျန်ဘဝကို လျှောကျသွားပြီး ပိုင်ရှင်မဲ့ အလောင်းဘဝ ရောက်သွားနိုင်တာပဲပေါ့။ ပိုင်ရှင်မဲ့အလောင်းတိုင်းက အဲဒီလို ကိုယ့်အသိုင်းအဝိုင်းက စွန့်ပစ်ခံလိုက်ရတဲ့သူ၊ ဒါမှမဟုတ် အသိုင်းအဝိုင်းကို စွန့်ပစ်ခဲ့တဲ့ သူမျိုးတွေတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ တချို့ကျတော့ ဒီအတိုင်း ကံမကောင်း၊ အကြောင်းမလှတဲ့ မတော်တဆဖြစ်စဉ် တစ်ခုခုကြောင့် သူတို့ကို စောင့်မျှော်နေတဲ့ အသိုင်းအဝိုင်းနဲ့ အဆက်အသွယ် ပြတ်တောက်သွားပြီး ပိုင်ရှင်မဲ့ အလောင်းအနေနဲ့ သေသွားတာမျိုးတွေလည်း ရှိနိုင်တာပါပဲ"

သူက လေပြေလေးနဲ့ ခပ်အေးအေးပဲ ပြောလိုက်ပေမဲ့ သူ့ရဲ့ စကားကို နားထောင်ပြီးတဲ့နောက်မှာ သူ့ကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေရုံကလွဲလို့ ကျွန်တော့်မှာ ဘာမှကို ပြန်မပြောနိုင်ခဲ့ပါဘူး။ သူကတော့ သူ ပြောလိုက်တဲ့ စကားကို သူ့ဘာသာသူ ပြန်တွေးရင်း အတွေးထဲ နစ်မြုပ်နေသလိုပုံမျိုးနဲ့ ခပ်ဝေးဝေးကို ရီဝေဝေနဲ့ ငေးနေခဲ့တယ်။ သူ့စကားတွေက သူ့ဘဝ အတွေ့အကြုံတွေအပေါ် အခြေခံပြီး ထွက်လာတဲ့ စကားတွေလား ဆိုတာ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်သာ သူ့ကို ချစ်ခဲ့တယ်ဆိုရင် အဲဒီအချိန် အခိုက်အတံ့လေးမှာပဲ ချစ်မိသွားခဲ့တာ ဖြစ်ပါလိမ့်မယ်။

## အခန်း (၃)

ပိုင်ရှင်မဲ့အလောင်းနဲ့ ပတ်သက်ပြီး သူ့ရဲ့ လေးနက်လှတဲ့ လောကအမြင်ကို မြွက်ဟပြီးတဲ့နောက် ရီဝေဝေနဲ့ ငေးနေတဲ့ သူ့သွင်ပြင်ကို အချိန်အတော်ကြာတဲ့အထိ ကျွန်တော့် စိတ်ထဲကနေ ထုတ်လို့မရခဲ့ဘူး။ ဒါနဲ့ပဲ နောက်ဆုံးမှာ သူ့ရဲ့ အဲဒီပုံရိပ်ကို ပုံကြမ်းလေး ကောက်ခြစ်လိုက်မိတယ်။ နောက်တော့ ဗျာန်ဝင်သွားပြီး ဆက်ဆွဲမိလိုက်တာ ရေဆေးပန်းချီကား တစ်ချပ် ဖြစ်သွားတဲ့ အထိပဲ။ ကျွန်တော့်ဘဝမှာ အလုပ်သဘောအရရော၊ ခံစားချက်အရပါ ပုံတွေအများကြီး ဆွဲခဲ့ဖူးပေမယ့် မိန်းမ

mgyoe.com

တစ်ယောက်ရဲ့ ပုံတူကို ဆွဲဖြစ်တာတော့ ဒါ ပထမဆုံးပါပဲ။ ကျွန်တော့်မိန်းမက သမီးရည်းစား ဘဝကတည်းက သူ့ပုံတူ ဆွဲဖို့ ပူဆာဖူးပေမယ့် မဆွဲဖြစ်ခဲ့ဘူး။ ဒါကြောင့် အခု တခြားမိန်းမတစ်ယောက်ရဲ့ ပုံတူကို ဆွဲမိသွားလို့ အပြစ်ရှိသလို ခံစားလိုက်ရပေမယ့် ကိုယ့်ပန်းချီကားကို ပြန်ကြည့်ရင်း ကျေနပ်တဲ့ ခံစားချက်က အဲဒီ အပြစ်ရှိတဲ့စိတ်ကို လွယ်လွယ်နဲ့ပဲ ဖုံးလွှမ်းသွားခဲ့တယ်။ အဲဒီနေ့က လက်ဖက်ရည်ဆိုင် စားပွဲပေါ်ကို နေရောင်ဖြာကျနေခဲ့ပုံ၊ စီးကရက်မီးခိုးငွေ့တွေ သူ့မျက်နှာရှေ့ဝေ့ဝဲ နေပုံ၊ အထူးသဖြင့် သူ့ရဲ့ ရီဝေတဲ့အငေးလေးကို ပန်းချီကားထဲမှာ အမိအရ ဖမ်းဆုပ်ပြလိုက်နိုင်တယ်လို့ ကိုယ့်ဘာသာကိုယ် ခံစားရပြီး ရလာတဲ့ ပီတိက ကောင်းကင်ဘုံ ဆန်လွန်းတာကြောင့် ကျန်တဲ့ စိတ်ခံစားချက်တွေခမျာ မြေပြင်ပေါ်က သာမညောင်ည သေးဖွဲသိမ်နုပ်တဲ့ ကိစ္စတွေအဖြစ် လျှောကျ သက်ဆင်းသွားကြရှာတာ ဖြစ်မယ်။

သူ့ရဲ့ ပုံတူပန်းချီကို ဆွဲပြီးသွားတဲ့ နောက်မှာလည်း သူ ပြောခဲ့တဲ့ စကားတွေနဲ့ သူ့ပုံရိပ်က ခေါင်းထဲက ထွက်မသွားခဲ့ပါဘူး။ သူနဲ့တွေ့ပြီး စကားတွေလည်း ထပ်ပြောနေချင်မိတယ်။ ဒီတစ်ခါမှာတော့ ကျွန်တော်သာ ဆက်သွယ်ချင်ရင် သူ့ကို ဆက်သွယ်စရာ ဖုန်းနံပါတ် ရှိနေခဲ့ပါပြီ။ မိဘမဲ့ဂေဟာမှာ အလှူသွားလုပ်ဖို့အတွက် ကျွန်တော့်ဆီ ဖုန်းဆက်တုန်းက သူ့ဖုန်းနဲ့ ဆက်သွားခဲ့တာ မဟုတ်လား။ ဒီတော့မှပဲ သူ့မှာ ကျွန်တော့်ဖုန်းနံပါတ် ရှိနေပါလားလို့ တွေးမိတော့တယ်။ သူ့အနေနဲ့ အဲဒီနေ့က ဟိုဦးလေးကြီးရဲ့ ဖုန်းအစုတ်လေး ပါဝါပိတ်တာ၊ ဘေလ်ကုန်သွားတာတို့လို အကြောင်းတစ်ခုခုနဲ့ ဆက်လို့ မရတော့ရင် ကျွန်တော်နဲ့ အဆက်အသွယ် မပြတ်အောင် ကျွန်တော့်ဖုန်းနံပါတ်ကို မှတ်ထားလိုက်တာ ထင်တယ်။ ဘာပဲဖြစ်ဖြစ် ပိုင်ရှင်မဲ့အလောင်း ဖြစ်သွားရှာတဲ့ ဦးလေးကြီးရဲ့ ဖုန်းအစုတ်လေးကတော့ ဒီရက်ထဲ ကျွန်တော် အားမသွင်းဖြစ်လို့ အားကုန်ပြီး ပါဝါပိတ်လို့ နေပါပြီ။

သူ့ဆီကို ဖုန်းဆက်သင့်၊ မဆက်သင့် ဦးနှောက်က ချင့်ချိန်နေတုန်းမှာပဲ လက်က သူ့အလိုလို call history ထဲမှာ သူ့ဖုန်းနံပါတ်ကို ရှာနေပြီ။ "ဖုန်းခေါ်ပြီးရင် ဘာပြောရကောင်းမလဲ" တွေးနေတုန်းမှာပဲ လက်က Call ကို နှိပ်လိုက်မိပြီ။

"ဟယ်လို... ညီမ၊ အစ်ကို လင်းသူပါ၊ စကားပြောလို့ရလား မသိဘူး"

"ဟုတ်၊ ရပါတယ်"

mgyoe.com

mgyoe.com

SAMPLE BOOK


သူက ရပါတယ် ဆိုပေမယ့် ကျွန်တော့်မှာ ဘာဆက်ပြောရမှန်း မသိ။ ဆယ်ကျော်သက်လေးလို ရင်တွေလည်း တဒိတ်ဒိတ်ခုန်လို့ နေသေးတယ်။ စိတ်ထဲမှာ သူနဲ့ နောက်တစ်ခေါက် တွေ့ချင်နေတာပဲ ရှိတာနဲ့ –

"မနက်ဖြန် အချိန်ရရင် တွေ့ချင်လို့ပါ" လို့ ပြောလိုက်တယ်။ သူက ရပါတယ် တဲ့။ လှည်းတန်းနားမှာပဲ ချိန်းတယ်။ နောက်နေ့ကျတော့ သူ့ပုံတူပန်းချီကို လိပ်ပြီး ကြိုးလေးတစ်ချောင်းနဲ့ လှလှပပလေး ဖြစ်အောင် ချည်ပြီး ယူသွားလိုက်တယ်။ အပြင်မထွက်ခင် မှန်ကို အတော်ကြာအောင် ကြည့်နေမိလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ရယ်ချင်မိသွားသေးတယ်။

သူနဲ့ တွေ့တော့ ဘာပြောရမှန်း မသိတာနဲ့ ပန်းချီကားလိပ်လေးကိုပဲ ထိုးပေးလိုက်မိတယ်။ သူ့ရှေ့မှာ တည်တည်ငြိမ်ငြိမ် ရှိချင်ပေမဲ့ လက်တွေ နည်းနည်းတုန်နေမိလို့ စိတ်ပျက်သွားမိတယ်။ သူက ဘာပါလိမ့် ဆိုတဲ့ပုံမျိုးနဲ့ ချက်ချင်းပဲ ဖြည်ကြည့်ပြီး သူ့ပုံတူကို တွေ့လိုက်ရတော့ ကျေနပ်၊ ကြည်နူးသွားတဲ့ အရိပ်လေး မျက်လုံးထဲမှာ ပေါ်သွားတယ်။ နောက်တော့ ကျွန်တော့်ကို ပြုံးပြရင်းက "ကျေးဇူးပဲ" လို့ ပြောတယ်။ "လှလိုက်တာ" လို့ စိတ်ထဲက တွေးမိသွားပြန်တယ်။ အစ်ကိုက "ပန်းချီဆရာလား"၊ "တော်လိုက်တာ" အဲဒီလို စကားတွေတော့ သူက တစ်ခွန်းမှ မပြောပါဘူး။ "ဘာကိစ္စရှိလို့လဲ" လို့လည်း မမေးဘူး။ သူ့ကို တွေ့ချင်လို့ လာတာပဲ ဖြစ်မယ်လို့ သူ့စိတ်ထဲမှာ သိနေလို့များလား။ နောက်တော့ သူကပဲဦးဆောင်ပြီး ရှေ့ကထွက်သွားတာနဲ့ ကျွန်တော်လည်း နောက်ကနေအသာပဲ လိုက်သွားလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် လှည်းတန်းလမ်းအတိုင်း လျှောက်လာရင်းက သူက လမ်းကြားလေးတစ်ခုထဲ ချိုးဝင်လိုက်ပြီး ဆိုင်လေးတစ်ဆိုင်ထဲ ဝင်သွားတယ်။ စစချင်းတော့ ကော်ဖီဆိုင်လေးတစ်ဆိုင်လို့ ထင်လိုက်မိပေမဲ့ အထဲရောက်တော့မှ ဘားလေးတစ်ခု ဖြစ်နေတာ သိလိုက်ရတယ်။ ဆိုင်ထဲမှာ လူက ခပ်ရှင်းရှင်းပဲ။ Unplugged တွေဘာတွေလည်း မရှိဘူး။ 80s၊ 90s အင်္ဂလိပ် သီချင်းလေးတွေပဲ ခပ်တိုးတိုး ဖွင့်ထားတယ်။ ကျွန်တော်တို့နှစ်ယောက် ဘီယာ တစ်ယောက်တစ်ခွက် မှာပြီး သူကပဲ ဟိုအမြည်း၊ ဒီအမြည်းလေးတွေ မှာလိုက်တယ်။ ကျွန်တော်တို့ နှစ်ယောက် ရာသီဥတုအကြောင်း၊ ကားလမ်းတွေအကြောင်း နည်းနည်းပါးပါး ပြောဖြစ်တယ်။ ဟိုဦးလေးကြီး အကြောင်းတော့ စကားမစဖြစ်ကြဘူး။ သူက ကျွန်တော့်ကို ဘာအလုပ် လုပ်တာလဲတို့၊ ဘာတို့လိုမျိုး ပုဂ္ဂလိကဘဝနဲ့ ဆိုင်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

မေးခွန်းတွေ တစ်ခုမှ မမေးတာနဲ့ ကျွန်တော်လည်း သူနဲ့ ပတ်သက်ပြီး ဘာမှ မေးခွန်းထုတ်မနေတော့ဘူး။ ဒီလိုမေးခွန်းတွေ မထုတ်ကြတာက ကျွန်တော့်အတွက် ပိုကောင်းတယ် မဟုတ်လား။ ဒါပေမဲ့ အဲဒီလိုစကားတွေ မပြောတော့ ပြောစရာစကား မရှိတော့သလို ဖြစ်သွားတယ်။ ကံကောင်းချင်တော့ သူ့မှာ စာအုပ်တစ်အုပ် ပါလာတယ်။ ဒီနိုဗို ရဲ့ 'တစ္ဆေ' တဲ့။ ဘာသာပြန်စာအုပ်ပဲ။ မူရင်းက 'Paul Auster ရဲ့ Ghosts' ။ ကျွန်တော် မဖတ်ဖူးဘူး။ အရင်က ဘာသာပြန်စာအုပ်တွေ တော်တော်များများ ဖတ်ဖြစ်ခဲ့ပေမယ့် အခုတော့ စာမဖတ်ဖြစ်တာ အတော်လေး ကြာပြီ။ Paul Auster နဲ့ သူ့ရဲ့ The New York Trilogy အကြောင်း ဆိုရှယ်မီဒီယာမှာ သူများ ညွှန်းထားတာ တစ်ခါ ဖတ်လိုက်မိဖူးလို့ ဒီဝတ္ထုက အဲဒီ ၃ အုပ်တွဲထဲက တစ်အုပ်မှန်းတော့ သိတယ်။

"New York Trilogy ထဲက တစ်အုပ်လား ညီမ"

"ဟုတ်... အစ်ကိုရော ဖတ်ပြီးပြီလား"

"မဖတ်ရသေးဘူး... ဘယ်လိုဇာတ်လမ်းမျိုးလဲ"

"ညီမလဲ အဲဒီ သုံးအုပ်တွဲထဲက ဒါနဲ့မှ နှစ်အုပ်ပဲ ဖတ်ရသေးတယ်။ ဘယ်လို ဇာတ်လမ်းမျိုးလို့ အတိအကျ ပြောဖို့တော့ ခက်တယ်။ သိတယ် မဟုတ်လား။ ဒီလို ဝတ္ထုမျိုးတွေက။ နောက်ပိုင်းမှာ ဘာသာပြန်သူက ရှင်းပြထားတာ ပါပေမဲ့ ညီမ မဖတ်ရသေးဘူး။ ဇာတ်လမ်းကို အရင်ဖတ်ပြီးမှ ဖတ်ကြည့်မလို့။ စုံထောက် ဝတ္ထု မဟုတ်တဲ့ စုံထောက်ဝတ္ထုလို့ ပြောလို့တော့ရမယ် ထင်တယ်"

"အင်း... အစ်ကိုက သူများ အညွှန်း ရေးထားတာလောက်ပဲ နည်းနည်းပါးပါး ဖတ်ဖူးတယ်"

"ညီမလဲ သေချာ နားလည်လှတယ်တော့ မဟုတ်ပါဘူး။ ဖတ်နေရင်း နဲ့ လူတစ်ယောက်ရဲ့ ဖြစ်တည်မှု ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်ပြီး စဉ်းစားနေမိတာမျိုးတော့ ရှိတယ်" လို့ ပြောပြီး သူက စီးကရက် တစ်လိပ်ကို မီးညှိလိုက်တယ်။

"အင်း...စိတ်ဝင်စားစရာပဲ...အစ်ကိုလည်း ဟိုဦးလေးကြီးကိစ္စနဲ့ ကြုံလိုက်ရတာကြောင့်ရော၊ ဟိုနေ့က ညီမပြောလိုက် တာတွေ ကြောင့်ပါ ဒီရက်ထဲ ဘဝနဲ့ ပတ်သက်တဲ့ မေးခွန်းတွေပဲ ခေါင်းထဲ ရောက်နေမိတယ်။ မေးခွန်းတွေပဲ များနေတာ အဖြေကတော့ တစ်ခုမှ မရပါဘူး။ အဲဒီစာအုပ် ဖတ်ရင်းနဲ့ အဖြေတစ်ခုခု ရလာတာမျိုး မရှိဘူးလား"

"အဖြေရယ်လို့ အတိအကျ ရလာတာမျိုးတော့ မရှိဘူးပေါ့။ ဒါပေမဲ့

mgyoe.com

m g y o e . c o m SAMPLE BOOK


စိတ်ထဲမှာ အတွေးတစ်ခုတော့ ပေါ်လာမိတယ်။ ဒီစာအုပ်ကနေရတဲ့ အတွေးရယ်လို့တော့ သေချာပေါက်ကြီး ပြောဖို့ ခက်တယ်။ ဒီအတိုင်း ကိုယ့်ဘာသာကိုယ် အရင်ကတည်းက စိတ်ထဲမှာ ရှိနေတဲ့ အတွေးက ဒီစာအုပ်ဖတ်ရင်း ပေါ်လာတဲ့ အတွေးတွေနဲ့ ပေါင်းသွားပြီး ကိုယ့်ဘာသာကိုယ် လက်ခံမိသွားတာမျိုးပေါ့"

"ဘာပဲဖြစ်ဖြစ်... ပြောပြပါဦး"

လို့ ကျွန်တော်က ခပ်လောလောလေး ပြောလိုက်မိတယ်။ ကျွန်တော့် အနေနဲ့ သူ့ဆီက အဲဒီလို စကားတွေ တကယ်ပဲ ထပ်ကြားချင်နေမိတာပါ။

"အင်း... ညီမ အတွေးက ဒီလိုပါ၊ လူတစ်ယောက်ရဲ့ ဖြစ်တည်မှု ဆိုတာ တံ့ပြန်သက်ရောက်တဲ့ ပတ်ဝန်းကျင် မရှိဘဲနဲ့ မတည်ရှိနိုင်ဘူး။ ဘာလို့လဲ ဆိုတော့ ရှေ့ဘဝ၊ နောက်ဘဝနဲ့ ဖန်ဆင်းရှင် ဆိုတာမျိုးတွေကို ဖယ်ပြီးတွေးမယ် ဆိုရင် ညီမတို့တွေရဲ့ ဖြစ်တည်မှု၊ ညီမတို့ ဘယ်လိုလူ ဆိုပြီး ဖြစ်လာတာက ကိုယ် ကြုံတွေ့ ခံစားခဲ့ရတဲ့ အတွေ့အကြုံတွေကနေမှ ပေါ်ပေါက်လာရတာ မဟုတ်လား။ ခံစားမှုနဲ့ အတွေ့အကြုံတွေ ဆိုတာကလည်း ညီမတို့ ရှင်သန် ကြီးပြင်းလာရတဲ့ ပတ်ဝန်း ကျင်ကနေပဲ ရနိုင်တာမျိုးလေ။ မွေးရာပါ ဦးနှောက်နဲ့ တခြားရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းပုံ မတူညီမှုတွေကလည်း ညီမတို့ရဲ့ ဖြစ်တည်မှုအပေါ် သက်ရောက်တာ တော့ မှန်ပါတယ်။ ဒါပေမဲ့ ဘာပဲ ဖြစ်ဖြစ် ကိုယ့်ရဲ့ ဖြစ်တည်မှုက တုံ့ပြန် သက်ရောက် စရာ ပတ်ဝန်းကျင် မရှိရင် ဘယ်လိုမှ တည်ရှိနေမှာ မဟုတ်တော့ဘူး၊ ဟုတ်တယ် မဟုတ်လား"

သူက "ဟုတ်တယ် မဟုတ်လား" ဆိုပြီး အမေးနဲ့ စကားကို ဆုံးလိုက် ပေမဲ့ ကျွန်တော့်မှာ ဟိုနေ့ကလိုပဲ ဘာမှပြန် မပြောနိုင်ပါဘူး။ "ဒီကလေးမလေး ဟာ ဒီအသက်အရွယ်နဲ့ ဘာကြောင့်များ ဒီလောက်ထိ တွေးနိုင်၊ ခေါ်နိုင်ရတာလဲ" လို့ တွေးမိပြီး အသည်းတွေတောင် ယားလာမိပါတယ်။ ဘုရားရေ... ကျွန်တော် ကတော့ ဒီကလေးမလေးနဲ့ မတွေ့ရဘဲ နေနိုင်တော့မယ် မထင်ဘူး။

## အခန်း (၄)

ကျွန်တော်ဟာ သူ့ရဲ့ ပုံတူပန်းချီကို ဆွဲမိတဲ့နေ့မှာပဲ ကျွန်တော်ကိုယ်တိုင် မသိ လိုက်ပါဘဲနဲ့ မှော်ပန်းချီကားတစ်ချပ်ကို ဖန်ဆင်းမိခဲ့ပုံပါပဲ။ သူနဲ့ တွေ့ကြဖို့ အတွက် ဖုန်းဆက်ပြီး ချိန်းလိုက်ပြီဆိုတာနဲ့ အဲဒီမှော်ပန်းချီကားဟာ အသက်ဝင်

m g y o e . c o m

mgyoe.com


လာပြီး ကျွန်တော်ဟာ အဲဒီပန်းချီကားထဲကို ရောက်ရှိလို့ သွားခဲ့တယ်။ ဘာကြောင့် ဒီလိုပြောရတာလဲ ဆိုတော့ သူနဲ့ တွေ့ပြီဆိုတာနဲ့ ကျွန်တော်ဟာ လက်တွေ့ကမ္ဘာကြီးနဲ့ ဆက်စပ်မှုမရှိတဲ့ သီးခြားလောကထဲကို ရောက်သွားသလို ခံစားရလို့ပါ။

ကျွန်တော်တို့ နှစ်ယောက်ဟာ တစ်ပတ်ကို တစ်ကြိမ်၊ နှစ်ကြိမ်လောက် တွေ့ဖြစ်ကြတယ်။ ဒါပေမဲ့ ဘယ်နေ့၊ ဘယ်အချိန် တွေ့ကြမယ်လို့ ကြိုတင် သတ်မှတ်ထားတာမျိုး မရှိပါဘူး။ တစ်ကြိမ် တွေ့ပြီးရင် နောက်တစ်ကြိမ် ဘယ်တော့ တွေ့ကြမယ်လို့ ကြိုတင်ချိန်းဆိုတာမျိုးလည်း လုပ်လေ့မရှိဘူး။ တွေ့ချင်လာတဲ့ အချိန်ကျမှ တွေ့ကြဖို့ ဖုန်းဆက်လိုက်တာပဲ။ ဖုန်း စဆက်တာက အမြဲတမ်းလိုလို ကျွန်တော်ပါပဲ။ ဒါပေမဲ့ ကျွန်တော်ဖုန်းဆက်တိုင်း သူကလည်း တစ်ခါမှ မငြင်းခဲ့ဘူး။

များသောအားဖြင့် ကျွန်တော်တို့နှစ်ယောက် ပထမဆုံးအကြိမ် ထိုင်ကြတဲ့ ဘားလေးမှာပဲ ထိုင်ဖြစ်တယ်။ အဲဒီဘားလေးကလည်း ဘယ်တော့မှ လူရှုပ်နေတယ်ရယ်လို့ မရှိဘူး။ အနည်းဆုံးတော့ ကျွန်တော်တို့ ထိုင်နေတုန်း လူတွေ စည်ကားနေတာမျိုး တစ်ခါမှ မရှိဘူး။ တစ်ခါတလေတော့လည်း သူက လှည်းတန်းကနေ လမ်းမကြီး တစ်ခုခုအတိုင်းလမ်းလျှောက်ခေါ်သွားရင်းက လမ်းကြားလေး တစ်ခုခုထဲကို ချိုးဝင်ချလိုက်ပြီး လူရှင်းတဲ့ နေရာလေးတစ်ခု ရောက်တဲ့အခါ အဆင်ပြေတဲ့ နေရာမှာ ထိုင်ဖြစ်ကြတယ်။ သူ ခေါ်သွားတဲ့ လမ်းကြားလေးတွေထဲမှာ လူရှင်းတဲ့ နေရာလေးတစ်ခုကလည်း အမြဲတမ်းလိုလို ရှိနေတတ်ပြီး ထိုင်ဖို့ အဆင်ပြေတဲ့နေရာလေးတစ်ခုက အသင့်ရှိနေတတ်တာကလည်း တော်တော်လေး ဆန်းကြယ်နေသလိုပဲ။ သူနဲ့တွေ့တဲ့ အချိန်တွေဟာ မှော်ပန်းချီကား တစ်ချပ်ထဲ ဝင်သွားရသလိုပဲလို့ ခံစားရတာ အဲဒီလို ဆန်းကြယ်မှုတွေကြောင့်လည်း ပါပါတယ်။ ဒါမှမဟုတ် အဲဒီလို ဆန်းကြယ်တယ်လို့ ကျွန်တော်က ယုံကြည်ချင်နေမိတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့။

ကျွန်တော်တို့နှစ်ယောက် တွေ့ကြတဲ့ အချိန်တွေမှာ လက်တွေ့ဘဝနဲ့ ဆက်စပ်တဲ့ စကားမျိုးတွေလည်း မပြောဖြစ်သလောက်ပဲ။ ပထမဆုံးအကြိမ် တွေ့ကြတုန်းကလိုပဲ သူက ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးဘဝအကြောင်း ဘာမှ မေးခွန်းတွေ မထုတ်သလို၊ ကျွန်တော်ကလည်း သူ့အကြောင်း ဘာမှ မမေးပါဘူး။ ဖုန်း အဆက်အသွယ်က လွဲလို့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဆိုရှယ်မီဒီယာတွေ အပါအဝင် တခြားဘယ်လို ဒီဂျစ်တယ်နည်းလမ်းနဲ့ ဆက်သွယ်မှုမှုလည်း မရှိခဲ့

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ဘူး။ ကျွန်တော်တို့နှစ်ယောက် တွေ့ရင် အများဆုံးပြောဖြစ်တာက စာအုပ်တွေအကြောင်း၊ ရုပ်ရှင်တွေအကြောင်း၊ သီချင်းတွေအကြောင်းပါပဲ။ စာအုပ်တွေအကြောင်းဆိုရင် သူကပဲ ဦးဆောင်ပြီး ပြောတာများပြီး၊ ရုပ်ရှင်တွေအကြောင်းဆိုရင်တော့ ကျွန်တော်က ပိုပြောဖြစ်တယ်။ စိတ်လိုလက်ရ ရှိရင် သူက ဘဝနဲ့ပတ်သက်တဲ့ သူ့ရဲ့ အတွေးအမြင်တွေကိုလည်း ပြောချင်ရင် ပြောနေတတ်သေးတယ်။ အဲဒီလို အချိန်မျိုးတွေမှာတော့ ကျွန်တော်က နားထောင်သူ သက်သက်ပဲပေါ့။ သီချင်းအနေနဲ့တော့ သူ့အကြိုက်ဆုံးက 'ဇော်ဝင်းထွဋ်' ရဲ့ 'မင်း တစ်ယောက်တည်း မဟုတ်ဘူး' ။

"အေးစက်စက် မျက်နှာများ၊ ပေါ့ပျက်ပျက် အတွေးအခေါ်များ၊ ရက်စက်တဲ့ အပြုအမူတွေကြား မင်းတစ်ယောက်တည်း မဟုတ်ဘူး" ဆိုတဲ့ သီချင်းပေါ့။ ကျွန်တော့်အတွက်လည်း အကြိုက်ဆုံး မဟုတ်ပေမယ့် အတော်လေး ကြိုက်တဲ့ သီချင်းတွေထဲက တစ်ပုဒ်ပါပဲ။ တစ်ခါတလေ လူရှင်းတဲ့ လမ်းဘေး တစ်နေရာမှာ ဘီယာ တစ်ယောက် တစ်ဘူးနဲ့ ထိုင်ရင်း ဘာစကားမှ မပြောဖြစ်ဘဲ "မင်း တစ်ယောက်တည်း  မဟုတ်ဘူး" သီချင်းကို နားကြပ် တစ်ယောက်တစ်ဖက်တပ်လို့ နှစ်ယောက်အတူတူ နားထောင်ဖြစ်တဲ့ အချိန်တွေလည်း ရှိခဲ့တယ်။ သူနဲ့ ကျတော့ အဲဒီလို နားထောင်ရတာကိုတောင် ကျွန်တော့်အရွယ်နဲ့ ကလေးဆန်လိုက်တာလို့ တွေးပြီး ရက်တာမျိုး မဖြစ်ခဲ့မိဘူး။ ဘယ်ဖြစ်မလဲ...ကျွန်တော်တို့က မှော်ပန်းချီကား တစ်ချပ်တည်းမှာ မဟုတ်လား။

ဒါပေမဲ့ မှော်ပန်းချီကားထဲမှာပဲ ဖြစ်ဖြစ်၊ လက်တွေ့ဘဝမှာပဲဖြစ်ဖြစ် အချိန်ကတော့ မရပ်မနား၊ ရက်ရက်စက်စက် ရှေ့ဆက်သွားနေတာပါပဲ။ ဒီလိုနဲ့ မျက်စိတ်တစ်မှိတ် အတွင်းမှာပဲ ကျွန်တော့်ရဲ့ မှော်ပန်းချီကား သက်တမ်းဟာ နှစ်လပြည့်သွားခဲ့တယ်။ အဲဒီနေ့မှာပဲ ကျွန်တော် ဖန်တီးခဲ့တဲ့ မှော်ပန်းချီကားကို ကျွန်တော်ကိုယ်တိုင် အသက်မဲ့သွားအောင် လုပ်လိုက်မိတော့တာပဲ။

အဲဒီနေ့က ထုံးစံအတိုင်း လူရှင်းတဲ့ တစ်နေရာမှာ ထိုင်နေရင်း သူက ခေါင်းကို မော့လို့ ကြယ်တွေကို ကြည့်ရင်း စကြဝဠာကြီးထဲမှာ လှည့်ပတ်စရာနေရာ မရှိဘဲ ဦးတည်ရာမဲ့ လွင့်မျောနေတဲ့ ဂြိုဟ်တွေ အများကြီး ရှိတဲ့အကြောင်းပြောပြနေခဲ့တယ်။ ကျွန်တော်ဟာ သူ့မျက်နှာကို တစိမ့်စိမ့် ငေးကြည့်နေရင်းက ကိုယ့်ဘာသာကိုယ် ဘာလုပ်လို့ လုပ်လိုက်မိမှန်း မသိခင်မှာပဲ သူ့နှုတ်ခမ်းတွေကို

m g y o e . c o m

mgyoe.com

SAMPLE BOOK


နမ်းလိုက်မိတယ်။ သူက ကျွန်တော့်အနမ်းတွေကို မငြင်းပါဘူး။ ဒါပေမဲ့ စိတ်လိုလက်ရ တုံ့ပြန်တယ်လို့တော့လည်း မခံစားရဘူး။ နောက်တော့ ကျွန်တော်က သူ့ပခုံးတွေကို ဖက်ထားပြီး သူက ကျွန်တော့်ကို မှီထားတဲ့ အနေအထားနဲ့ ဘာစကားမှ မပြောဘဲ ဆက်ထိုင်နေမိကြတယ်။ ကျွန်တော့်အနေနဲ့ သူ့ကို တစ်ခုခု ပြောဖို့ လိုအပ်တယ်လို့ စဉ်းစားမိပေမဲ့ ဘာပြောရမလဲ ကျွန်တော် မသိဘူး။ နမ်းနေတဲ့ အချိန်တုန်းက စိတ်လှုပ်ရှားပြီး ရင်တွေ တုန်နေခဲ့ပေမဲ့ အခု ကျွန်တော့် နှလုံးခုန်ချက်တွေက ဘာကြောင့်မှန်းမသိ လေးပင်လို့ လာခဲ့တယ်။ မမြင်ရတဲ့ အရာတစ်ခုခုက ကျွန်တော့်ရဲ့ နှလုံးအပေါ် လာဖိထားသလိုပဲ။ ကျွန်တော်ဟာ မွန်းကျပ်သည်ထက် မွန်းကျပ်လာခဲ့တယ်။ ဒါနဲ့ပဲ "ပြန်ကြစို့" လို့ ပြောရင်း ကျွန်တော်က အရင် ထရပ်လိုက်တယ်။ သူက ကျွန်တော့်လက်ကို ဆွဲပြီး မတ်တတ် လိုက်ရပ်တယ်။ ပြီးတော့ ကျွန်တော့်ကို မော့ကြည့်တယ်။ ကျွန်တော် ပြန်ကြည့်လိုက်တော့ သူ့မျက်လုံးတွေဟာ ကျွန်တော် အဓိပ္ပာယ်ဖော်လို့ မရတဲ့ ခံစားမှု တစ်ခုခုနဲ့ ရီဝေနေတာကို တွေ့လိုက်ရတယ်။ သူ့မျက်လုံးတွေကို ကြည့်ရတာ ကောင်းကင်ပေါ်က အမှိန်ဖျော့ဆုံး ကြယ်လေးကို လှမ်းငေးနေရသလိုပဲ။ သူနဲ့ ကျွန်တော်က နီးနီးကပ်ကပ် ရပ်နေပေမဲ့ သူ့အကြည့်တွေက အဝေးကြီးက လာနေသလို၊ ဒါမှမဟုတ် အဝေးကြီးကို ထွက်သွားနေသလို ဖြစ်နေခဲ့ပြီး နောက်ဆုံး သူ မျက်လွှာချလိုက်တဲ့အခါမှာ စကြဝဠာထဲ ဦးတည်ရာမဲ့ မျောနေတဲ့ ဂြိုဟ်ကြီး တစ်လုံးက ကျွန်တော်တို့ နှစ်ယောက်ကြားထဲ ရုတ်တရက် ရောက်လာသလို ခံစားလိုက်ရတော့တယ်။

အဲဒီနေ့က သူနဲ့တွေ့ပြီး ပြန်လာတဲ့အခါမှာ ခြေလှမ်းတွေက လေးပင်နေမယ် ဆိုတာ ပြောဖို့ လိုမယ် မထင်ပါဘူး။ အရင်တုန်းက သူနဲ့ လမ်းခွဲပြီးရင် မော်ပန်းချီကားထဲကနေ လက်တွေ့ဘဝထဲ ပြန်ဝင်ရောက်ရတယ် ဆိုပေမဲ့ အမြဲတမ်း စိတ်ကျေနပ်၊ ပျော်ရွှင်မှုတွေအပြည့်နဲ့ ပေါ့ပါးလန်းဆန်းပြီးပဲ ပြန်လာခဲ့ရတာပါ။ ဒီနေ့မှာတော့ ခြေတစ်လှမ်း၊ လှမ်းလိုက်တိုင်း ကျွန်တော့်ရဲ့ မော်ပန်းချီကားဟာအရောင်တစ်ခုလွင့်ပြယ်သွားနေသလိုပဲ။ဘာလို့ဒီလိုရှူးကြောင်ကြောင် တွေ ခံစားနေရတာလဲ။ အခုဆိုရင် သူနဲ့ ပိုတောင် နီးစပ်တော့မှာ မဟုတ်လားလို့ ကိုယ့်ကိုယ်ကိုယ်အတင်းအားတင်းပြီး ပြောပေမယ့်လည်း ခံစားချက်တွေက ပြောင်းလဲ မသွားပါဘူး။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ပြန်ရောက်တော့ အတူနေတဲ့ ကျွန်တော့် ညီဝမ်းကွဲက ဒီနေ့မှပဲ ထူးထူးဆန်းဆန်း ဆိုသလို "ဆရာကြီး အပြင်တွေ သွားလှချည်လား" လို့ ပြောင်ချင်၊ နောက်ချင်သလို လေသံမျိုးနဲ့ တိုက်ခန်းထဲ ဝင်ဝင်ချင်းပဲ လှမ်းပြောတယ်။ သူ့အနေနဲ့ ၁၀ နှစ်လောက်ကြီးတဲ့ ကျွန်တော့်ကို အရင်က ဒီလိုလေသံနဲ့ တစ်ခါမှ မပြောဖူးဘူး။ သူက ပုံမှန်အတိုင်း ဒီလိုပဲ ပြောလိုက်တာကို ကျွန်တော်က ကိုယ့်ဘာသာကိုယ် လိပ်ပြာမလုံတာလဲ ဖြစ်နိုင်ပါတယ်။ ကျွန်တော့်မှာ စိတ်တွေက ပိုရှုပ်ထွေး လေးလံသွားတာနဲ့ သူ့ကို ဘာမှ ပြန်ပြောမနေနိုင်ဘဲ မချိပြုံးဘဲ တစ်ချက်ပြန်ပြုံးပြလိုက်နိုင်တယ်။ နောက်တော့ အဝတ်အစားတောင် မလဲတော့ဘဲ အိပ်ရာထဲ ဝင်လှဲနေလိုက်တယ်။ မျက်လုံးကို မှိတ်ပြီး စိတ်တွေကို ပြန်စုစည်းဖို့ ကြိုးစားနေတုန်းမှာပဲ ကျွန်တော့်မိန်းမဆီက Video Call ဝင်လာခဲ့တယ်။ ဒီနေ့က သူ Video Call ခေါ်လေ့ရှိတဲ့ နေ့မျိုး မဟုတ်ဘူး။ "ဘာလို့ ဒီနေ့မှလဲကွာ" လို့ တွေးရင်းနဲ့ မကိုင်ဘဲနေဖို့ စဉ်းစားလိုက်သေးပေမဲ့ ပေးစရာ ဘာအကြောင်းပြချက်မှ တွေးမရတာနဲ့ ကိုင်လိုက်တော့တယ်။

ကျွန်တော့်မျက်နှာကို မြင်တာနဲ့ "နေမကောင်းဘူးလား" လို့ မိန်းမက တန်းမေးတယ်။ "မဟုတ်ပါဘူး၊ အလုပ်နည်းနည်း ပင်ပန်းလို့ပါ" လို့ လိမ်လိုက်ပြီး ပြုံးပြုံးရွှင်ရွှင်ဖြစ်ဖို့ ကြိုးစားပေမဲ့ မအောင်မြင်မှန်း ကိုယ့်ဘာသာကိုယ် သိလိုက်တယ်။ ဟိုစကား၊ ဒီစကားလေးတွေ နည်းနည်းပါးပါးပြောပြီး ခဏနေတော့ ဘာမှ ကြိုတင် အရိပ်လက္ခဏာပြတာမျိုး မရှိပါဘဲနဲ့ ကျွန်တော့်မိန်းမက ထငိုတော့တာပဲ။ "ဘာဖြစ်လို့လဲ"၊ "အလုပ်မှာအဆင်မပြေလို့လား"၊ "တစ်ယောက်ယောက် တစ်ခုခုဖြစ်လို့လား"ဆိုတဲ့ မေးခွန်းတွေကိုလည်း ခေါင်းပဲ ယမ်းပြပြီး ငိုမြဲအတိုင်း ငိုနေတော့တာပဲ။ နောက်တော့ "အဲဒီလို မလုပ်နဲ့လေ၊ တစ်ယောက် တစ်နေရာစီ နေနေရတာ ဘာမှန်းမသိရရင် ကိုယ်က ဒီမှာ ဘယ်လိုလုပ် စိတ်အေးနိုင်မှာလဲ" ဆိုပြီး ပြောတော့မှ –

"ဘာမှ မဟုတ်ပါဘူး၊ အိပ်မက်မက်လို့ပါ" လို့ ပြောတယ်။

"ဘာအိပ်မက်လဲ" ဆိုတော့...

"ဘာမှ မဟုတ်တော့ပါဘူး၊ အခုငိုလိုက်တော့ ပေါ့သွားပြီ၊ အလုပ် ပင်ပန်းတာနဲ့ menstruation လာတာနဲ့ ပေါင်းပြီး တောရောက်၊ တောင်ရောက်တွေ လျှောက်တွေးရင်းက စိတ်ဖွဲ့ပြီး ပေါက်ကရတွေ မက်တာ ဖြစ်မှာပါ" လို့ ခပ်ယဲ့ယဲ့ ပြုံးရင်း ဖြေတယ်။ လင်မယားချင်းဆိုတော့ သူ ပြောတဲ့စကားက အမှန်တစ်ဝက်၊

m g y o e . c o m

mgyoe.com

SAMPLE BOOK


ဒါမှမဟုတ် သုံးပုံ တစ်ပုံလောက်ပဲ ပါတယ် ဆိုတာ ကျွန်တော် ခံစားမိလိုက်တယ်။ ဒါပေမဲ့ သူ့မှာ ဝမ်းနည်းစရာ တစ်ခုခုရှိနေတာ ဆိုရင် ကျွန်တော့်ကို ဖုန်းကွယ်ထားစရာ အကြောင်းမှ မရှိဘဲ။ ခါတိုင်းလည်း အလုပ်ကိစ္စပဲဖြစ်ဖြစ်၊ သူ့မိသားစုကိစ္စ သူ စိတ်ပင်ပန်းရတာတွေပဲဖြစ်ဖြစ် အားလုံး ကျွန်တော့်ကို ပြောပြနေကျပဲကို။ ကျွန်တော့်ကြောင့်များလား... မဟုတ်လောက်ပါဘူး။ ကျွန်တော်နဲ့ မိုးဆွေအကြောင်းကို သူ့အနေနဲ့ သိဖို့မပြောနဲ့၊ ရိပ်မိစရာ အကြောင်းတောင်မှ မရှိတာဘဲ။ မဟုတ်ဘူးလား။ ဒါမှမဟုတ် မိန်းမတွေမှာ ယောကျ်ား ခြေလှမ်းပျက်နေရင် အလိုလိုသိနိုင်တဲ့ ဆဋ္ဌမအာရုံမျိုး ရှိတယ်ဆိုတဲ့ စကားက တကယ်မှန်နေလို့များလား။

အခန်း(၅)

အရင်က မှော်ပန်းချီကားထဲမှာ သူနဲ့ နှစ်ယောက်တည်း ပျော်ရွှင်ခဲ့ရတဲ့ နေ့ရက်တွေကို ကောင်းကင်ဘုံလို့တင်စားမယ်ဆိုရင် သူ့ကို နမ်းပြီးတဲ့နောက်မှာ ကျွန်တော်ဟာ တားမြစ်ထားတဲ့ အဆိပ်သီးကို စားလိုက်မိလို့ ဒေင်ဥယျာဉ်ကနေ မောင်းထုတ်ခံလိုက်ရတဲ့ သူလို ဖြစ်သွားခဲ့တော့တယ်။ အဆန်းတကြယ်တွေ မတင်စားဘဲ ရိုးရိုးရှင်းရှင်း ပြောရရင်တော့ သူနဲ့ မနမ်းမိခင်အထိ ဘာစည်းကိုမှ မကျော်ရသေးလို့ လွတ်လပ်ပေါ့ပါးနေတဲ့ စိတ်ဟာ စည်းကို ကျော်လိုက်မိပြီးတဲ့နောက်ကျမှ ငါက အိမ်ထောင်သည်ပါလား ဆိုတဲ့ ကိုယ့်ရဲ့လက်တွေ့ ဘဝအမှန်ကို ပြန်သတိရသွားပြီး ဘာဆက်လုပ်ရမှန်း မသိလို့ စိတ်ညစ်ညူးသွားတဲ့ သဘောပါပဲ။ ဒီလိုပြောလို့ သူနဲ့ တွေ့ချင်စိတ် မရှိတော့ဘူးလား ဆိုတော့လည်း မဟုတ်ပြန်ပါဘူး။ အခုဆိုရင် သူ့အကြောင်း တွေးမိတဲ့အခါ အရင်လို ကောင်းကင်ဘုံဆန်တဲ့ ရင်ခုန်မှုမျိုး မရတော့ဘဲ ပင်လယ်ကြမ်းပြင်အောက် ရောက်သွားသလို အတွေးတွေလေးပင်သွားပေမယ့်လည်း ကျွန်တော်ဟာ သူ့ကို အရင်ကထက်တောင် တွေ့ချင်စိတ် ပြင်းပြလို့ နေပါသေးတယ်။ ဒါပေမဲ့ သူ့နံပါတ်ကို နှိပ်ဖို့အတွက် ဖုန်းကို ဖွင့်လိုက်တိုင်း ငိုနေတဲ့ ကျွန်တော့်မိန်းမ မျက်နှာက အတွေးထဲမှာ ပေါ်လာပြီး လက်တွေက အလိုလို ရပ်တန့်သွားတော့တာပဲ။ လက်တွေ့ကျကျ စဉ်းစားကြည့်ရင် ကျွန်တော့်မိန်းမမှာ ဆဋ္ဌမအာရုံ မရှိရင်တောင် ကျန်ခဲ့တဲ့ ရက်တွေတုန်းက ကျွန်တော်က မိုးမမြင်၊ လေမမြင် ဖြစ်နေပြီး သူနဲ့ ရှိတဲ့အချိန်ကို နှစ်ယောက်တည်းလို့ အမြဲ

mgyoe.com

m gyoe.com  SAMPLE BOOK 

ထင်နေခဲ့မိပေမယ့် လှည်းတန်းလို နေရာတစ်ဝိုက်မှာ ကျွန်တော်တို့ကို ဘယ်သူမဆို မြင်သွားနိုင်ခဲ့တာပဲ။ အဲဒီလို မြင်သွားတဲ့ထဲမှာ မိန်းမရဲ့ သူငယ်ချင်းတွေလည်း ပါနေနိုင်တာပဲ။ အဲဒီကနေတစ်ဆင့် မိန်းမဆီကို သတင်းရောက်သွားနိုင်တာပဲ။ အိမ်က ညီဝမ်းကွဲကတော့ ကျွန်တော် အပြင်တွေ သွားနေတာကို မိန်းမဆီ အတို့ အထောင် လှမ်းလုပ်မယ် မထင်ဘူး။ အဲဒီလို လိပ်ပြာမလုံတဲ့ အတွေးတွေကြောင့် သူ့ဖုန်းနံပါတ်ကို မနှိပ်မိဘဲ မိန်းမဆီကိုပဲ "နေကောင်းရဲ့လား" တို့၊ ဘာတို့လို မက်ဆေ့ချ်လေးတွေ ပို့ဖြစ်သွားတယ်။ မိန်းမက ကျွန်တော့် မက်ဆေ့ချ်တွေကို အားတာနဲ့ reply ပြန်ပေမဲ့ အလုပ်မအားသေးဘူး ဆိုလို့ video call တော့ မပြော ဖြစ်ကြဘူး။ အဲဒီလို မိန်းမနဲ့ မျက်နှာချင်းဆိုင် စကားမပြောရသေးတော့ စိတ်မအေး နိုင်ဖြစ်နေမိတာနဲ့ သူနဲ့ အဆက်အသွယ် ပြတ်သွားခဲ့တယ်။ သူကလည်း ကျွန်တော့် ဆီ ဖုန်းမဆက်ဘူး။

မိန်းမရဲ့ ငိုနေတဲ့မျက်နှာနဲ့ လိပ်ပြာမလုံတဲ့ အတွေးတွေက ကျွန်တော့် လက်တွေကို တစ်ပတ်လောက်ပဲ တားထားနိုင်ခဲ့ပြီး အဲဒီနောက်မှာတော့ သူ့ နံပါတ်ကို နှိပ်ချင်နေတဲ့ လက်ချောင်းတွေက အနိုင်ရသွားခဲ့တယ်။ ဒါပေမဲ့ တစ်ဖက် ကနေပြီး အိပ်မက်ဆိုးဆန်တဲ့ "စက်ပိတ်ထားပါတယ်" ဆိုတဲ့ အသံကိုပဲ ကြား လိုက်ရတယ်။ စိတ်ထဲမှာ အခြေအနေကို ရိပ်မိလိုက်သလို ရှိပေမဲ့ "ဘက်ထရီ ကုန်နေလို့ နေမှာပါ"၊ "အလုပ်ကိစ္စရှိလို့ ဖုန်းပိတ်ထားတာ ဖြစ်မှာပါ" တို့လို အတွေး တွေနဲ့ ကိုယ့်ကိုယ်ကိုယ် အကြောင်းပြချက်တွေ ပေးပြီး ခေါ်ကြည့်နေခဲ့မိတယ်။ အစပိုင်းမှာ ၃၊ ၄ နာရီခြား တစ်ခါ၊ နောက်တော့ ၁ နာရီခြား တစ်ခါကနေ အရူး အမူး ဆက်တိုက် နှိပ်နေမိတဲ့အဆင့်ထိ ရောက်သွားခဲ့တယ်။ ဒါပေမဲ့ ကြိုပြီး ရိပ်မိနေခဲ့သလိုပါပဲ။ သူ့ဖုန်းက ပြန်ပွင့်မလာတော့ပါဘူး။ သူနဲ့ နမ်းပြီး ပြန်လာခဲ့ တုန်းက ကောင်းကင်ဘုံက မောင်းထုတ်ခံရသလို ခံစားခဲ့ရတာဆိုရင် သူ့ဖုန်းကို ဆက်လို့ မရတော့တဲ့ အချိန်ဟာ အရှင်လတ်လတ် ငရဲကျသွားသလိုပါပဲ။ ဒီတော့ လည်း ကျွန်တော့်မှာ လုပ်လို့ရတာ တစ်ခုပဲ ရှိပါတော့တယ်။ အဲဒါကတော့ သူနဲ့ တွေ့ရနိုင်တဲ့ နေရာကို လူကိုယ်တိုင် သွားရှာဖို့ပါ။

အလွတ်ရနေတဲ့ လမ်းကြားလေးကို ချိုးဝင်ပြီး သူနဲ့ ထိုင်နေကျ ဘား ဆိုင်ထဲကို ရင်တထိတ်ထိတ်နဲ့ ဝင်သွားခဲ့မိတယ်။ ဆိုင်ထဲမှာ သူ ရှိမနေပါဘူး။ ကြိုတင်မျှော်လင့်ထားပြီးသား ဆိုပေမဲ့ ဘားဆိုင်လေးထဲမှာ ရုတ်တရက် မှောင်ကျ

mgyoe.com

သွားပြီး အရာရာ ဝေဝါးသွားသလိုပါပဲ။ အဲဒါကြောင့် ဆိုင်ဝန်ထမ်းတစ်ယောက် ကျွန်တော့်ရှေ့မှာ လာရပ်ပြီး "အစ်ကို့အတွက် စာ၊ အစ်ကိုနဲ့ လာနေကျ အစ်မ ပေးခဲ့တာ" လို့ ပြောနေတာကို အတော်လေးကြာမှ သတိထားမိလိုက်တယ်။ နောက်တော့ ကိုယ့်ဘာသာကိုယ် ဘာလုပ်လို့ လုပ်မိမှန်း မသိဘဲ တုန်ရင်နေတဲ့ လက်တွေနဲ့ စာကို ဖွင့်လိုက်တယ်။ စာမှာ 'သို့' ဆိုတဲ့ စာလုံး မပါသလို နိဒါန်းတွေ ဘာတွေလည်း မပျိုးထားဘဲ သူ စကားပြောနေကျ ပုံစံအတိုင်း ပြောချင်တာကိုပဲ တန်းရေးထားတယ်။

*"ဘဝရဲ့ ၉၉ ရာခိုင်နှုန်းက ဘာမှ မထူးခြားတဲ့ သာမန် နေ့စဉ် ဘဝကြီးပဲလို့ ညီမတော့ ထင်တယ်။ ကိုယ့်ရဲ့ ဖြစ်တည်မှု တည်မြဲရေး အတွက် ရုန်းကန် တည်ဆောက်နေရတဲ့ ငြီးငွေ့စရာ လက်တွေ့ဘဝ ကြီးပေါ့။ အဲဒါကြောင့်ပဲ လူတွေက နည်းအမျိုးမျိုးနဲ့ အဲဒီငြီးငွေ့စရာ နေ့စဉ်ဘဝကြီးထဲက ခဏပဲဖြစ်ဖြစ် လွတ်မြောက်နိုင်မယ့် နည်းလမ်း တွေကို ဖန်တီးယူကြတာပေါ့။ ပြီးတော့ အဲဒီလို လွတ်မြောက်ခွင့်ရတဲ့ အခိုက်အတန့်လေးကို အမှတ်တရအနေနဲ့ သိမ်းဆည်းထားတတ် ကြတယ်။ ဒါပေမဲ့ တမင် ဖန်တီးလုပ်ယူရတဲ့ အမှတ်တရ အခိုက်အတန့် တွေထက် တန်ဖိုးကြီးတာက သူ့အလိုလို ဖြစ်လာတဲ့ ထူးခြားတဲ့ တိုက်ဆိုင်မှုလေးတွေပဲလို့ ညီမကတော့ ယူဆတယ်။ စကြဝဠာကြီး စတင်ခဲ့သလို၊ သက်ရှိတွေ စတင် ဖြစ်ပေါ်လာခဲ့သလို၊ အစ်ကိုနဲ့ ညီမ ဆုံခဲ့ကြသလိုပေါ့။ အဲဒါကြောင့် ညီမ လောဘကြီးခဲ့မိတယ်။ အစ်ကိုနဲ့ ညီမ ဆုံခဲ့ရတဲ့ ဆန်းကြယ်တဲ့ တိုက်ဆိုင်မှုကို ပိုပြီးရှည်ကြာတဲ့ အချိန် အပိုင်းအခြားလေး ဖြစ်အောင် ဖန်တီးကြည့်ခဲ့မိတယ်။ တစ်ယောက်နဲ့ တစ်ယောက် လက်တွေ့ဘဝအကြောင်း ဘာမှ မေးခွန်းမထုတ်ဘဲ သီးခြား လွတ်လပ်နေတဲ့ ဆက်ဆံရေးတစ်ခု အဖြစ်နဲ့ပေါ့။ ဒီလိုနည်းနဲ့ ညီမတို့ နှစ်ယောက် ဆုံတဲ့အချိန်တိုင်း ငြီးငွေ့စရာ လက်တွေ့ဘဝကြီးထဲက လွတ်မြောက်နေနိုင်မယ် မဟုတ်လား။ အစ်ကိုကလည်း ညီမကို မေးခွန်း တွေ မထုတ်ခဲ့တဲ့အတွက် ညီမ ဖန်တီးတဲ့အတိုင်း အောင်မြင်ခဲ့တယ်လို့ ပြောရမှာပေါ့။ ဒီအခိုက်အတန့်တွေက တစ်ဘဝလုံးစာ အမှတ်တရတွေ လည်း ဖြစ်နေတော့မှာပါ။ ဒါပေမဲ့ ဒီလိုအခိုက်အတန့်တွေ ဆိုတာ*

mgyoe.com

mgyoe.com  SAMPLE BOOK 

*အမြဲတမ်း မတည်မြဲနေနိုင်ဘူး မဟုတ်လား။ အချိန်တန်ရင် ငြိုးငွေ့စရာ နေ့စဉ် ဘဝကြီးထဲကို ညီမတို့ဟာ တစ်နည်းမဟုတ်၊ တစ်နည်းနဲ့ ပြန်ရောက်သွားကြရမှာပဲ။ ညီမတို့ရဲ့ ဆန်းကြယ်တဲ့အခိုက်အတန့်လေးဟာ အစ်ကို... ညီမကို နမ်းလိုက်တဲ့ အချိန်မှာပဲ အဆုံးသတ်သွားခဲ့ပါပြီ။ ဒီလိုပြောတာ အစ်ကိုက ညီမတို့ရဲ့ ဆက်ဆံရေးကို ဖျက်ဆီးပစ်လိုက်တာ ဆိုပြီး အပြစ်တင်တာ မဟုတ်ပါဘူး။ ဒီလိုစတင်တဲ့ တွေ့ဆုံမှုဟာ အချိန်တန်ရင် ဒီလိုအခြေအနေကိုပဲ ဆိုက်မှာပါပဲ။ ဒီကနေဆက်ပြီး ရှေ့ဆက်မယ် ဆိုရင် ညီမတို့နှစ်ယောက်ကြားမှာ တစ်ယောက်နဲ့ တစ်ယောက် မေးခွန်းတွေ မထုတ်တဲ့ ဆက်ဆံရေးမျိုး ဆက်ရှိနိုင်မှာ မဟုတ်တော့ဘူး။ တစ်ယောက်အကြောင်း တစ်ယောက် သိဖို့ ကြိုးစားရတော့မယ်၊ တစ်ယောက်ကို တစ်ယောက် ချုပ်နှောင်မိကြတော့မယ်။ နောက်တော့ ညီမတို့ နှစ်ယောက်ကြားက ဆန်းကြယ်တဲ့ အခိုက်အတန့်လေးဟာလည်း သာမန် အမှတ်တရ အဖြစ်အပျက်တစ်ခုအဖြစ် အဆင့် လျော့ကျသွားတော့မှာ။ သံယောဇဉ်တွေ ပိုကောင်း ပိုလာနိုင်ပေမယ့် ညီမဟာလည်း အစ်ကို့အတွက် ဆန်းကြယ်တဲ့ ကောင်မလေး အဖြစ်ကနေ ငြိုးငွေ့စရာ နေ့စဉ်ဘဝထဲက သာမန် မိန်းမတစ်ယောက် ဖြစ်သွားတော့မှာပဲ။ အခန့်မသင့်ရင် ညီမကိုယ်တိုင်ကတောင် အစ်ကို့အတွက် ငြိုးငွေ့စရာ မိန်းမတစ်ယောက် ဖြစ်ရင် ဖြစ်သွားဦးမှာ။ ဒီတော့ ညီမ ရှေ့မဆက်ဖို့ပဲ ဆုံးဖြတ်ခဲ့တယ်။ အစ်ကို့ မှတ်ဉာဏ်ထဲမှာ တစ်သက်လုံးအတွက် ဆန်းကြယ်တဲ့ အခိုက်အတန့်လေးထဲက မိန်းကလေးတစ်ယောက် ဖြစ်နေအောင်ပေါ့။ ညီမရဲ့ စိတ်ကူးယဉ်ဆန်ပြီး လောဘကြီးမှုကြောင့် အစ်ကို့မှာ ထိခိုက်ခံစားခဲ့ရတာတွေ များသွားခဲ့ရင်တော့ တောင်းပန်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အစ်ကို့ဘဝ အကြောင်းကို မသိဘဲ ညီမရဲ့ ဖန်တီးမှုထဲ အစ်ကို့ကို ဆွဲသွင်းခဲ့မိတာ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ညီမ တကယ်ပဲ ပျော်ခဲ့ရပါတယ်။ အဲဒီအတွက် ကျေးဇူးလဲ တင်ပါတယ်"*

စာက ဒီမှာပဲ ဆုံးသွားတယ်။ လက်မှတ်တွေ ဘာတွေ မပါဘူး။ စာဆုံးသွားတော့ ခါတိုင်း သူ့စကားတွေကို နားထောင်ပြီးရင် ဖြစ်နေကျအတိုင်းပဲ ကျွန်တော့်

mgyoe.com

mgyoe.com
SAMPLE BOOK


မှာ ငေါင်ပြီး ကျန်နေရစ်ခဲ့တယ်။ ခေါင်းထဲမှာ ဗလာကြီးသက်သက် ဖြစ်နေခဲ့ပြီး အိမ်ကို ဘယ်လို ပြန်ရောက်လို့ ရောက်မှန်းတောင် မသိခဲ့ဘူး။

နောက်နေ့ အိပ်ရာက နိုးလာတော့ ဦးနှောက်က နည်းနည်း ပြန်အလုပ်လုပ်လာပြီး ဖြစ်ခဲ့တဲ့အကြောင်းတွေကို ဖြည်းဖြည်းချင်း ပြန်စဉ်းစားမိတယ်။ သူ့စာကို နောက်တစ်ခေါက် ထပ်ဖတ်တယ်။ ပထမ ၅ မိနစ်မှာ "သူနဲ့ နောက်ထပ်တွေ့ရမှာ မဟုတ်တော့ဘူး" ဆိုပြီး ဝမ်းနည်းတယ်။ နောက် ၅ မိနစ်ကျတော့ "ဒီကောင်မလေး ငါ့ကို ကစားသွားတာပဲ ဆိုပြီး ဒေါသထွက်တယ်။ နောက်ထပ် ၅ မိနစ်ကျတော့... "ရှေ့ဆက်လို့လည်း ပြဿနာတွေ ကြီးလာဖို့ပဲ ရှိတယ်" လို့ ကိုယ့်ကိုယ်ကိုယ် တရားချပြီး စိတ်သက်သာရာ ရှာတယ်။ ဘာပဲဖြစ်ဖြစ် စိတ်ထဲက လေးပင်မှုကတော့ ပျောက်မသွားခဲ့ပါဘူး။

နောက်ရက်ကျတော့ သူ့အကြောင်း မတွေးမိအောင် ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ပြီး အချိန်အတော်ကြာ ပစ်ထားခဲ့မိတဲ့ အလုပ်တွေကို ပြန်လုပ်ဖို့ ကြိုးစားရင်း သူပြောတဲ့ ငြီးငွေ့စရာ နေ့စဉ်ဘဝကြီးထဲကို ပြန်ဝင်ခဲ့တယ်။ ညကျတော့ ကျွန်တော့် မိန်းမက video call ခေါ်တယ်။ သူအလုပ်မှာ ခွင့်တင်လိုက်တယ်။ ရှေ့တစ်ပတ်ထဲ အလည်ပြန်လာမယ် တဲ့။ အဲဒီအကြောင်းကို ပြောတဲ့အချိန်မှာ ကျွန်တော်ပဲ စိတ်မလုံလို့လား မသိဘူး။ ကျွန်တော့်မိန်းမရဲ့ အမူအရာက "ငါ့ပိုင်နက်ကို ပြန်လည်သိမ်းပိုက်ဖို့ ကြွမြန်းတော်မူလာမယ်" လို့ ကြိမ်းဝါးလိုက်တဲ့ ဘုရင်မတစ်ပါးရဲ့ အမူအရာမျိုးလိုပဲ။ အဲဒါကြောင့် နည်းနည်း လန့်သွားမိပေမဲ့ ယောကျ်ားတစ်ယောက်ရဲ့ ပင်ကိုဗီဇအတိုင်း လက်စဖျောက်စရာ ရှိတာတွေ ကို လက်စဖျောက်ရမယ် ဆိုတဲ့ အသိတော့ ဝင်လာခဲ့တယ်။ ဒါနဲ့ပဲ ပထမဆုံး ဇာတ်လမ်း စတင်ရာဖြစ်တဲ့ ဖုန်းအစုတ်လေးထဲက ကျွန်တော့်နံပါတ်ကို ဖျက်ပြီး ဖုန်းကို အမှိုက်သိမ်းတဲ့ ကလေးကို ပေးပစ်လိုက်တယ်။ ဒုတိယအနေနဲ့ သူ့စာကို နောက်ဆုံးတစ်ကြိမ် ဖတ်ပြီး မီးရှို့လိုက်တယ်။ အဲဒီလို မီးရှို့နေတုန်းမှာပဲ ခေါင်းထဲကို အတွေးတစ်ခု ဝင်လာခဲ့တယ်။

သူ ပြောသလို ဘဝရဲ့ ၉၉ ရာခိုင်နှုန်းက ကိုယ့်ရဲ့ ဖြစ်တည်မှု တည်မြဲရေး အတွက် ရုန်းကန်နေရတဲ့ ငြီးငွေ့စရာ နေ့စဉ်ဘဝကြီး ဆိုပေမဲ့ ကျွန်တော်တို့ဟာ အဲဒီ လက်တွေ့ဘဝထဲကနေ ထွက်ပြေးလို့ မရဘူးဆိုတဲ့ အတွေးပါပဲ။ လက်တွေ့ဘဝထဲကနေ ခဏ အနားယူနိုင်တယ်။ အဲဒီလက်တွေ့ဘဝက အခြေအနေတွေ

mgyoe.com

m g y o e . c o m

SAMPLE BOOK


ဆိုးရွားလာတဲ့အခါ လက်တွေ့ကျတဲ့ နည်းလမ်းတွေနဲ့ ပြင်ဆင်ဖို့ ကြိုးစားနိုင်တယ်။ ဒါပေမဲ့ ထွက်ပြေးချင်လို့တော့ မရဘူး။ ဘာလို့လဲဆိုတော့ အဲဒီလက်တွေ့ဘဝရဲ့ လေးပင်လှတဲ့ ဝန်ထုပ်ဝန်ပိုးတွေကပဲ နေက ကမ္ဘာကို ဆွဲငင်ထားသလို ကျွန်တော်တို့ ဘဝကို ဆွဲငင်ထားပြီး ဦးတည်ရာ ရှိနေစေလို့ပါ။ အဲဒီ ဝန်ထုပ်ဝန်ပိုးတွေကို ပစ်ချပြီး ထွက်ပြေးလိုက်တာနဲ့ ကျွန်တော်တို့ဟာ သူ တစ်ခါပြောဖူးတဲ့ စကြဝဠာထဲမှာ လှည့်ပတ်စရာ နေရာမရှိဘဲ ဦးတည်ရာမဲ့ လွင့်မျောနေတဲ့ ဂြိုဟ်ကြီး တစ်လုံးလို ဖြစ်သွားတော့မှာပဲ။ အဲဒီလို ရှင်သန်ရတဲ့ ဘဝမျိုးဟာ ပိုင်ရှင်မဲ့အလောင်း အဖြစ်နဲ့ သေဆုံးရတာထက်တောင် စိတ်ပျက်စရာ ကောင်းနေနိုင်တယ် မဟုတ်လား။ "အလကားပါကွာ၊ ကြောင်တောင်တောင်နဲ့ စိတ်ကူးယဉ်တတ်တဲ့ ကောင်မလေး တစ်ယောက်က ကစားသွားတာ ခံလိုက်ရတာကိုပဲ တရားရသလိုလို၊ ဉာဏ်အလင်း ပွင့်သလိုလိုတွေ လျှောက်ပြောနေတာပါ" လို့ ကျွန်တော့်ကို ရယ်ရင်လည်း ခံယုံပါပဲ။ ဒါပေမဲ့ ကျွန်တော်တကယ် အဲဒီလို တွေးမိခဲ့တာပါ။

ဒါကြောင့် ကျွန်တော့်ဖုန်းထဲက သူ့နံပါတ်ကို မဖျက်တော့ဘဲ ဒီအတိုင်းပဲ ထားလိုက်တယ်။ သူနဲ့များ ပြန်အဆက်အသွယ်ရဦးမလား ဆိုတဲ့ မျှော်လင့်ချက်နဲ့ မဟုတ်ပါဘူး။ နောက်တစ်ခါ ဘဝ ဝန်ထုပ်ဝန်ပိုးတွေ ဖိစီးလာလို့ ငြိမ်းချမ်းစရာ နေ့စဉ်ဘဝကြီးထဲကနေ ထွက်ပြေးချင်စိတ် ပေါက်လာရင် သူ့ဖုန်းနံပါတ်ကို မြင်လိုက်တာနဲ့ လက်တွေ့ဘဝနဲ့ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ပြီး ဆက်သွယ်မိစေဖို့အတွက်ပါ။

ဖေဖော်ဝါရီ၊ ၁၆၊ ၂၀၂၃

❖

mgyoe.com